# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


## အလွန်ကဲဆုံးချမ်းသာ

အနာရောဂါကင်းခြင်းသည် အလွန်ကဲဆုံး လာဘ်တည်း။ ရောင့်ရဲမှုသည် အလွန်ကဲဆုံး ဥစ္စာတည်း။ ချစ်ကျွမ်းဝင်သူသည် အလွန်ကဲဆုံး ဆွေမျိုးတည်း။ နိဗ္ဗာန်သည် အလွန်ကဲဆုံး ချမ်းသာတည်း။

သုခဝဂ်(ဓမ္မပဒ-၂၀၄)


၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁ ရက် ၂၀၂၃ ခုနှစ်၊ အောက်တိုဘာ ၃၀ ရက်၊ တနင်္လာနေ့ အတွဲ (၆၃)၊ အမှတ်(၀၃၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်

## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေး



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ဝါသနာရှင်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင်တီးခတ်နေမှုများကို ကြည့်ရှုအားပေးစဉ်။

**နေပြည်တော် အောက်တိုဘာ ၂၉**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် သည် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဋ္ဌာန (၂) နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေးကဇာတ်ရုံ၌ ကျင်းပပြုလုပ်လျက်ရှိသည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆဋ္ဌမမြောက်နေ့ ပြိုင်ပွဲများသို့ တက်ရောက်ကြည့်ရှုအားပေးသည်။

အဆိုပါပြိုင်ပွဲများသို့ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မြထွန်းဦးနှင့်

*စာမျက်နှာ ၃ ကော်လံ ၁* ❍

## (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် အောက်တိုဘာ ၂၉**

၂၀၂၃ ခုနှစ် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲ အခမ်းအနားကို အောက်တိုဘာ ၃၁ ရက်တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဋ္ဌာန-၂ (MICC-II) တွင် ကျင်းပမည်ဖြစ်သည်။

အဆိုပါအခမ်းအနား ကျင်းပပုံများကို ယင်းနေ့ နံနက် ၇ နာရီ မိနစ် ၅၀ မှ စတင်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV – HD Channel၊ MRTV News Channel ၊ MRTV Farmers' Channel ၊ MRTV Parliament Channel၊ MITV၊ MWD–HD Channel၊ MWD Variety HD Channel နှင့် MOI Website၊ MOI Youtube၊ MRTV APP: အပါအဝင် Online တို့မှ တိုက်ရိုက် **(LIVE)** ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ထို့ပြင် မြန်မာ့အသံရေဒီယို၊ သဇင် FM၊ မန္တလေး FM ၊ ပဥ္စဝတီFM ၊ ရွှေFM ၊ ပတ္တမြား FM ၊ FM ပုဂံ၊ ချယ်ရီ FM နှင့် Star FM တို့မှလည်း တိုက်ရိုက် **(LIVE)** ထုတ်လွှင့်မည်ဖြစ်သည်။ **သတင်းစဉ်**

**ယနေ့** *ဖတ် စ ရာ*

### အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေလည်း ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့နေမှာဖြစ်ပါတယ်

တွေ့ဆုံမေးမြန်း စာ ၁၂

### သဘာဝကုန်ကြမ်းပစ္စည်းဖြင့် ပြုလုပ်ထားသည့် "ဈာန်" သဘာဝ ခနိဖူးခြောက်လုပ်ငန်း

သေးငယ်လတ်စီးပွားရေးလုပ်ငန်း စာ ၂၂



## ပြည်သူ့အကျိုး၊ နိုင်ငံ့အကျိုးသယ်ပိုးနိုင်ရေး အင်အားတောင့်တင်းခိုင်မာအောင် တည်ဆောက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်တွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့်နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဟူသော လုပ်ငန်းစဉ်လည်း ပါဝင်သည်။ ဤသည်မှာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ အန္တိမရည်မှန်းချက်လည်း ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးနှင့် အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ဦးတည်ချက်ထားရှိသော၊ နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေသော၊ စစ်မှန်၍ စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လက်ခံကျင့်သုံးသော နိုင်ငံရေးပါတီများဖွဲ့စည်းနိုင်ရန် နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေကို ၂၀၂၃ ခုနှစ် ဇန်နဝါရီလ ၂၆ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့သည်။ ယင်းဥပဒေအရ နိုင်ငံရေးပါတီများက ဆက်လက်မှတ်ပုံတင်ခွင့်နှင့် ပါတီတည်ထောင်ခွင့်တို့ကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လာရောက်လျှောက်ထားခဲ့ကြသည်။

နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေနှင့် နည်းဥပဒေများအရ နိုင်ငံရေးပါတီများသည် နိုင်ငံတစ်ဝန်းစည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်အင်အား အနည်းဆုံးတစ်သိန်းနှင့် တိုင်းဒေသကြီးသို့မဟုတ် ပြည်နယ်တစ်ခုအတွင်းသာ စည်းရုံးမည့်ပါတီဖြစ်ပါက ပါတီဝင်ဦးရေ အနည်းဆုံးတစ်ထောင်ကို မှတ်ပုံတင်ခွင့်ပြုချက်ရရှိပြီးသည့်နေ့မှ ရက်ပေါင်း ၉၀ အတွင်း စုဆောင်းကြရမည်ဖြစ်ပြီး ရက်ပေါင်း ၁၈၀ အတွင်း ဥပဒေအရ အနည်းဆုံးသတ်မှတ်ထားသည့် ရုံးခန်းအရေအတွက်ကိုလည်း ဖွင့်လှစ်ကြရမည်ဖြစ်သည်။ သတ်မှတ်ကာလများအတွင်း အနည်းဆုံးစည်းရုံးရမည့် ပါတီဝင်ဦးရေကို ပြည့်မီအောင် မစည်းရုံးနိုင်ခြင်း၊ ရုံးခန်းများမဖွင့်လှစ်နိုင်ခြင်းစသည်ဖြင့် မိမိတို့ပါတီကို ခိုင်မာအောင်၊ အားကောင်းအောင် မတည်ဆောက်နိုင်ပါက နိုင်ငံရေးပါတီအဖြစ် ဆက်လက်ရပ်တည်ခွင့်ရှိမည် မဟုတ်သည့်အလျောက် လက်ရှိကာလတွင် ဆောင်ရွက်ပြီးအခြေအနေတွင် ရှိနေကြရတော့မည်ဖြစ်သည်။

ယခုအခါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များမှ နိုင်ငံရေးပါတီများ၏ ဥက္ကဋ္ဌများ၊ အလုပ်အမှုဆောင်များနှင့် တွေ့ဆုံမှုများ၊ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ၊ နည်းဥပဒေများအပါအဝင် သက်ဆိုင်ရာတည်ဆဲဥပဒေများနှင့်အညီ နိုင်ငံရေးပါတီများ ထူထောင်မှုများနှင့် စပ်လျဉ်း၍ စိစစ်မှုများကို ပြုလုပ်လျက်ရှိသည်။ နိုင်ငံရေးပါတီများသည် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ပါဝင်ယှဉ်ပြိုင်အရွေးခံပြီး နိုင်ငံ၏အုပ်ချုပ်ရေးနှင့် ဥပဒေပြုရေးတို့တွင် ပါဝင်ဆောင်ရွက်ကြရမည့်သူများဖြစ်သည့်အလျောက် နိုင်ငံရေးပါတီများသည်လည်း ဥပဒေနှင့်ညီညွတ်ရန်၊ ခိုင်မာအားကောင်းရန် လိုအပ်မည်ဖြစ်သည်။

ယခုအချိန်သည် ဖွဲ့စည်းပုံအခြေခံဥပဒေအရ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်နေချိန်ဖြစ်ပြီး တစ်ပြိုင်တည်းမှာပင် လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကြိုတင်ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲသည် နိုင်ငံအတွက် အရေးကြီးသည့်ကိစ္စရပ်ဖြစ်သည့်အလျောက် အလေးအနက်ထားဆောင်ရွက်နေရခြင်းလည်းဖြစ်သည်။ နိုင်ငံရေးပါတီများသည် ပြည်သူလူထုနှင့် ဒေသအကျိုး၊ နိုင်ငံတော်အကျိုးတို့ကို သယ်ပိုးကြရမည့်အဖွဲ့အစည်းများဖြစ်ကြရာ ပါတီကိုတောင့်တင်းခိုင်မာအောင်တည်ဆောက်ရင်း နိုင်ငံတည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးတို့တွင်လည်း တစ်တပ်တစ်အား ပါဝင်ကြရပါမည့်အကြောင်း။ ။

## မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပြီး မီးပုံးပျံလွှတ်တင်ပူဇော်

**နေပြည်တော် အောက်တိုဘာ ၂၉**

မြတ်စွာဘုရားရှင်အား ဆီမီးတန်ဆောင်ထွန်းညှိပူဇော်ခြင်းဟူသော အစဉ်အလာအတိုင်း သီတင်းကျွတ်လပြည့်နေ့တွင် မီးထွန်းပွဲပြုလုပ်ကြရာ ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထားပူဇော်ထားရှိသည့် ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရင်ပြင်တော်၌ နေပြည်တော်ကောင်စီက ကြီးမှူး၍ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲကို ယနေ့ (သီတင်းကျွတ်လပြည့်) အဘိဓမ္မာအခါတော်နေ့ ညနေ ၆ နာရီက ကျင်းပသည်။



အဆိုပါ ဆီမီး ၃၆၀၀ ထွန်းညှိပူဇော်ပွဲနှင့် မီးပုံးပျံများ လွှတ်တင်ပူဇော်ပွဲသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးနှင့် ဇနီး၊ နေပြည်တော်ကောင်စီအဖွဲ့များနှင့်ဇနီးများ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီမှ ဌာနကြီးမှူးများ၊ ဌာနဆိုင်ရာများ၊ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဂေါပကအဖွဲ့နှင့် ဝတ်ရွတ်အသင်းအဖွဲ့များ၊ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာ ဆီမီးထွန်းညှိပူဇော်ကြပြီး **(အပေါ်ပုံ)** မီးပုံးပျံများ လွှတ်တင်ပူဇော်ကြသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူးရဟန်း၊ ရှင်လူပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဒါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလ အခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများ ဆောင်ရွက်ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

## စစ်တွေမြို့၌ မြို့လုံးကျွတ်ဆွမ်းတော်ကြီးလောင်းလှူပွဲကျင်းပ

**စစ်တွေ အောက်တိုဘာ ၂၉**

စစ်တွေမြို့တွင် မြို့လုံးကျွတ် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့ နံနက်ပိုင်းက စစ်တွေမြို့ အတုလမာရဇိန် ပြည်လုံးချမ်းသာဘုရားကြီး၌ကျင်းပရာ ရခိုင်ပြည်နယ် ဝန်ကြီးချုပ် ဦးထိန်လင်းနှင့် ဇနီး၊ ပြည်နယ်ဝန်ကြီးများနှင့် ဌာနဆိုင်ရာများ တက်ရောက်ပြီး လောင်းလှူကြသည်။ **(အောက်ပုံ)**



ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ် နှင့် ဇနီး၊ ပြည်နယ် အစိုးရအဖွဲ့ဝင်များသည် အတုလမာရဇိန်ပြည်လုံးချမ်းသာ ဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ပန်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဇနီး၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်း အဖွဲ့အစည်းများ၊ စေတနာရှင်အလှူရှင်များက ဆရာတော်၊ သံဃာတော်များနှင့် သီလရှင်များအား ဆွမ်းဆန်တော်များ၊ အချိုရည်များနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများအား စေတနာထက်သန်စွာဖြင့် ပါဝင်ကုသိုလ်ယူကြသည်။

ဆွမ်းဆန်တော်လောင်းလှူပွဲတွင် စစ်တွေမြို့ ကျောင်းတိုက်အသီးသီးမှ ဆရာတော်၊ သံဃာတော် အပါး ၅၅၀ ကျော် နှင့် သီလရှင် အပါး ၁၀၀ ကျော်တို့သည် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးမှစတင်ကာ ဝင်္ကပါကွင်းတစ်ပတ်ကြွရောက်၍ ဆွမ်းဆန်တော်များ အလှူခံကြသည်။ **ဝင်းမင်းစိုး(ပြန်/ဆက်)**

မြန်မာနိုင်ငံသွားဘက်ဆိုင်ရာဆေးပညာညီလာခံ (၂၀၂၃)

"အရည်အသွေးပြည့်..... သွားကျန်းမာရေး ပြည်သူ့ထံသို့ ဆောင်ကြဉ်းပေး"

Quality Dental Care for Community

၃ ရက် – ၄ ရက် ၊ နိုဝင်ဘာလ

MICC II, နေပြည်တော်

## နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော်နှင့် ရန်ကုန်မြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်း ရွာမည်။ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲ ကပြယှဉ်ပြိုင်မှုကို ကြည့်ရှုအားပေးစဉ်။

○ *ရှေ့ဖုံးမှ*

ဒုတိယဗိုလ်ချုပ်ကြီး ရာပြည့်၊ ပြည်ထောင်စုဝန်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်တိုင်း စစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ကြီးကြပ်အုပ်ချုပ်သူများ၊ နည်းပြများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင်တိုင်းရင်းသားညီအစ်ကို မောင်နှမများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ကြည့်ရှုအားပေး

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အကပြိုင်ပွဲတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်အကအဖွဲ့များက ဒေသအလိုက် သဘာဝအလှတရားများ၊ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်းများကို ဖော်ကျူးထားသည့် အကအလှများ၊ သရုပ်ဖော်များဖြင့် ကကြိုးကကွက်စုံလင်စွာဖြင့် ကပြယှဉ်ပြိုင်မှုများကို ကြည့်ရှုအားပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဝါသနာရှင်(ပထမတန်း) အမျိုးသား ဒုံမင်းအတီးပြိုင်ပွဲ ယှဉ်ပြိုင် တီးခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

### ကျွမ်းကျင်ပိုင်နိုင်စွာယှဉ်ပြိုင်

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် "အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲ၌ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲဝင်များက ထင်ရှားကျော်ကြားလှသည့် အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး သီချင်းဖြစ်သည့် "မြန်မာ့စိတ်ရင်း၊ မြန်မာရှခင်း" တေးသီချင်းကို အသံနေအသံထားများဖြင့် ကျွမ်းကျင်ပိုင်နိုင်စွာယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန လေ့ကျင့်ရေး ဇာတ်ရုံ၌ ကျင်းပသည့် ဆိုင်းတစ်ဦးချင်း ဝါသနာရှင် (ဒုတိယတန်း) အမျိုးသား ပြိုင်ပွဲ ယှဉ်ပြိုင် တီးခတ်နေမှုများကို ကြည့်ရှုအားပေးကြသည်။

ယှဉ်ပြိုင်မှုအပြီးတွင် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ ဆိုင်းတစ်ဦးချင်း ဝါသနာရှင် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲ ယှဉ်ပြိုင်တီးခတ်မှုကို ကြည့်ရှုအားပေးစဉ်။



## ရင်းရင်းနှီးနှီး နှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ အကဲဖြတ် ဆောင်ရွက်ပေးနေသည့် အကဲဖြတ်ပညာရှင်များနှင့် ပြိုင်ပွဲဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

## နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် အောက်တိုဘာ ၂၉**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကျဲကျဲ မိုးထစ်ချုန်းရွာနိုင်သည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် သုံးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ဘင်္ဂလားပင်လယ်အော် မြောက်ပိုင်းတွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေသည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် ဦးဆောင်သည့် မြန်မာကိုယ်စားလှယ်အဖွဲ့ ယူရေးရှားဒေသလုံခြုံရေးဆိုင်ရာ နိုင်ငံတကာအဆင့်မြင့်ညီလာခံသို့ တက်ရောက်

## နိုင်ငံတကာဆက်ဆံရေးတွင် အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးနှင့် နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေးဆိုင်ရာ အခြေခံမူများကို မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသည်ကို ထပ်လောင်းအတည်ပြု

**နေပြည်တော် အောက်တိုဘာ ၂၉**

"Eurasian Security: Reality and Prospects in a Transforming World" ခေါင်းစဉ်ဖြင့် အပြည်ပြည်ဆိုင်ရာ အဆင့်မြင့်ညီလာခံကို အောက်တိုဘာ ၂၆ ရက်မှ ၂၇ ရက်အထိ ဘယ်လာရုစ်နိုင်ငံ Minsk မြို့၌ ကျင်းပခဲ့ရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာန(၂) ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင် တက်ရောက်မိန့်ခွန်းပြောကြားခဲ့သည်။ **(ယာပုံ)**



အဆိုပါညီလာခံသို့ ဘယ်လာရုစ်၊ ရုရှားနှင့် ဟန်ဂေရီနိုင်ငံတို့မှ နိုင်ငံခြားရေးဝန်ကြီးများ၊ ကာဇက်စတန်၊ တာဂျစ်ကစ္စတန်နှင့် အီရန်နိုင်ငံတို့မှ ဒုတိယနိုင်ငံခြားရေးဝန်ကြီးများ၊ မင့်စ်မြို့အခြေစိုက်သံရုံး ၃၄ ရုံးမှ သံရုံးအကြီးအကဲများနှင့် UN, CSTO, SCO, EEC, CIS, EAEU, ICRC စသည့် နိုင်ငံတကာအဖွဲ့အစည်း ခုနစ်ခုမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

ဘယ်လာရုစ်နိုင်ငံ သမ္မတ Alexander Lukashenko က ညီလာခံတက်ရောက်လာသူများနှင့် ဧည့်သည်တော်များကို နှုတ်ခွန်းဆက်သဝဏ်လွှာပေးပို့ခဲ့ရာ လက်နက်ကိုင်ပဋိပက္ခများကို နိုင်ငံတိုင်းရှိ စိတ်ကောင်းစေတနာကောင်းရှိသော ပြည်သူများက တားဆီးကာကွယ်ခြင်းဖြင့် ဖြေရှင်းသင့်ကြောင်း၊ တည်ငြိမ်ပြီး ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အာမခံချက်များအား ငြိမ်းချမ်းရေးနည်းလမ်းဖြင့် ထိန်းသိမ်းရန်၊ ပေါ်ပေါက်လာသော သဘောထားကွဲလွဲမှုများကို သံတမန်နည်းလမ်းများဖြင့် ဖြေရှင်းရန်၊ ထိပ်တိုက်ရင်ဆိုင်မှုများ၊ ရန်လိုမှုနှင့် မုန်းတီးမှုအဆင့်ကို လျှော့ချရန် ကြိုးပမ်းအားထုတ်ကြရမည်ဖြစ်ကြောင်း အလေးထား ဖော်ပြခဲ့သည်။

**အပြန်အလှန်ဆက်ဆံမှုဆိုင်ရာကိစ္စရပ်များ အဓိကဆွေးနွေးခဲ့**

ညီလာခံတက်ရောက်သူများသည် ယူရေးရှားဒေသ လုံခြုံရေးအတွက် တစ်ကမ္ဘာလုံးနှင့် ဒေသတွင်းပထဝီနိုင်ငံရေးဆိုင်ရာ လိုအပ်ချက်များ၊ ယူရေးရှားဒေသအတွင်းရှိ နိုင်ငံများနှင့် ဒေသတွင်း အဖွဲ့အစည်းများအကြား အပြန်အလှန်ဆက်ဆံမှုဆိုင်ရာ ကိစ္စရပ်များကို အဓိကဆွေးနွေးခဲ့ကြသည်။

ပြည်ထောင်စုဝန်ကြီး၏ မိန့်ခွန်းတွင် အကောင်းဆုံး ကမ္ဘာ့လုံခြုံရေးဆိုင်ရာ ဗိသုကာပုံစံအသစ်သည် နိုင်ငံစုံဝါဒအပေါ် အခြေခံရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံသည် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက် လေးနက်စွာ ကတိကဝတ်ပြုထားကြောင်း၊ ယနေ့ခေတ် နိုင်ငံတကာဆက်ဆံရေးသည် အသွင်ကူးပြောင်းရေးဆီသို့ အရှိန်အဟုန်ဖြင့် ကူးပြောင်းနေသဖြင့် နိုင်ငံများအကြား ဆွေးနွေးညှိနှိုင်းရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး အခန်းကဏ္ဍသည် အလွန်အရေးပါလာကြောင်း၊ ကမ္ဘာပေါ်တွင် ပဋိပက္ခများ ပိုမိုနက်ရှိုင်းလာသည်ကို ဝမ်းနည်းစွာသတိပြုမိကြောင်း၊ လက်ရှိဖြစ်ပေါ်နေသော အကျပ်အတည်းများကို ဖြေရှင်းရာတွင် SCO နှင့် CSTO တို့၏ ကြီးမားသော အခန်းကဏ္ဍကို အသိအမှတ်ပြုရမည်ဖြစ်ကြောင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အချုပ်အခြာအာဏာကို လေးစားရေး၊ ပြည်တွင်းရေးကို ဝင်ရောက်မစွက်ဖက်ရေးနှင့် နိုင်ငံအချင်းချင်း အပြန်အလှန်လေးစားရေးဆိုင်ရာ အခြေခံမူများကို မြန်မာနိုင်ငံက ကတိကဝတ်ပြုထားသည်ကို ထပ်လောင်းအတည်ပြုပါကြောင်း၊ ပိုမိုလုံခြုံ၍သာယာဝပြောပြီး သဟဇာတဖြစ်သော ယူရေးရှားဒေသကို ဖော်ဆောင်ရန်အတွက် ဒေသတွင်းနှင့် နိုင်ငံတကာမိတ်ဖက်နိုင်ငံများနှင့် ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိနေကြောင်းနှင့် ကျယ်ပြောလှပြီး မတူကွဲပြားမှုများပြားသော ယူရေးရှားဒေသရှိ ပြည်သူများ ငြိမ်းချမ်းရေးနှင့် သာယာဝပြောမှုကို ခံစားနိုင်မည့် အနာဂတ်ကို အတူတကွပုံဖော်ကြရန်တိုက်တွန်းကြောင်း အလေးထားပြောကြားခဲ့သည်။

ယခု ညီလာခံကျင်းပရန် အဆိုပြုချက်ကို ၂၀၂၂ ခုနှစ် နိုဝင်ဘာလတွင် Yerevan ၌ ကျင်းပခဲ့သည့် CSTO ထိပ်သီးအစည်းအဝေးတွင် ဘယ်လာရုစ်နိုင်ငံသမ္မတ Alexander Lukashenko က စတင်အဆိုပြုခဲ့ခြင်းဖြစ်ပြီး လက်ရှိတွင် ဘယ်လာရုစ်နိုင်ငံသည် "စည်းလုံးညီညွတ်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် ငြိမ်းချမ်းရေးနှင့် လုံခြုံရေးအတွက်" ဟူသောဆောင်ပုဒ်ဖြင့် CSTO အဖွဲ့ကို ဥက္ကဋ္ဌအဖြစ်ဆောင်ရွက်လျက်ရှိသည်။

ပြည်ထောင်စုဝန်ကြီးသည် အောက်တိုဘာ ၂၅ ရက် ညနေပိုင်းက မင့်စ်မြို့ရှိ မြန်မာကောင်စစ်ဝန်ချုပ်ရုံးသို့ သွားရောက်ကာ ကောင်စစ်ဝန်ချုပ်ရုံး မိသားစုများ၊ ဘယ်လာရုစ်နိုင်ငံ၌ ရောက်ရှိ ပညာသင်ကြားလျက်ရှိသည့် သင်တန်းသား ကိုယ်စားလှယ်များနှင့်တွေ့ဆုံ၍ အားပေးစကားပြောကြားခဲ့သည်။

**လိုက်လံရှင်းလင်းပြသခဲ့**

အောက်တိုဘာ ၂၇ ရက် မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဘယ်လာရုစ်နိုင်ငံ မင့်စ်မြို့ရှိ အမျိုးသားစာကြည့်တိုက် (National Library of Belarus) သို့ သွားရောက်လေ့လာခဲ့ကြပြီး ထိုမှတစ်ဆင့် Belarus State Museum of the History of the Great Patriotic War စစ်သမိုင်းပြတိုက်သို့ သွားရောက်လေ့လာခဲ့ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသခဲ့ကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အောက်တိုဘာ ၂၇ ရက် ဘယ်လာရုစ် ဒေသစံတော်ချိန် ည ၉ နာရီခွဲတွင် မင့်စ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်မှ ပြန်လည်ထွက်ခွာခဲ့ပြီး တံတားဦးအပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ယနေ့ နံနက်ပိုင်းတွင် ပြန်လည်ရောက်ရှိလာရာ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး ဝန်ကြီးဌာနမှ တာဝန်ရှိသူများက ကြိုဆိုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲနှင့် သီတင်းကျွတ်ပျော်ပွဲရွှင်ပွဲ ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

နေပြည်တော် (တပ်ကုန်း) ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ဆီမီး ၁၀၀၀ ပူဇော်ပွဲနှင့် သီတင်းကျွတ် ပျော်ပွဲရွှင်ပွဲကို ယနေ့ညပိုင်းက ကျင်းပသည်။

ရှေးဦးစွာ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားဝင်း အတွင်းရှိ မဟာဗောဓိ အောင်မြေကုန်းတော်ပေါ်တွင် တည်ထားကိုးကွယ်သည့် ဗုဒ္ဓရုပ်ပွားတော် (၈) ဆူနှင့် မဟာဗောဓိပင်အား မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစု ဝတ်ရွတ်အဖွဲ့က ပဋ္ဌာန်းဒေသနာဖြင့် ရွတ်ဖတ်ပူဇော်ပြီး ဝန်ထမ်းမိသားစုများက ဆီမီးတစ်ထောင်ဖြင့် ထွန်းညှိပူဇော်ကြသည်။

ဆက်လက်၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ပျော်ပွဲရွှင်ပွဲကို MRTV ပန်းခြံတွင် ပျော်ရွှင်ဖွယ်ကစားနည်းများ ကျင်းပခြင်း၊ ဌာနခွဲများအလိုက် စုံတွဲတေးကာရာအိုကေ သီဆိုမှု ပြိုင်ပွဲ ကျင်းပခြင်း၊ ကြာဆံချက်ဖြင့် စတုဒိသာကျွေးမွေးခြင်း၊ ဌာနခွဲအလိုက်အစားအသောက်ရောင်းချခြင်းများပြုလုပ်ရာ ဝန်ထမ်းများ တပျော်တပါး ပါဝင်ဆင်နွှဲကြသည်။



ယင်းနောက် ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းက ချီးမြှင့်သည့် စက်ဘီး နှစ်စီးနှင့် ဌာနမှ ချီးမြှင့်မည့် ငွေကျပ် ၁၀ သိန်းကို ဝန်ထမ်းများအတွက် ကံစမ်းမဲဖောက်ပေးပြီး ညွှန်ကြားရေးမှူးချုပ် ဦးရဲနိုင်နှင့် တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။ (ဝဲပုံ)


**သတင်းစဉ်**

# အိမ်မဲမြို့နယ်၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**အိမ်မဲ အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး အိမ်မဲမြို့နယ်အတွင်း သန့်ရှင်းသာယာလှပစေရေးအတွက် ချောင်းဝရပ်ကွက်ရှိ ဘုန်းကြီးကျောင်းများ၊ စေတီပုထိုးများတွင် ဌာနဆိုင်ရာများ၊ ပြည်သူများပူးပေါင်း၍ စုပေါင်းသန့်ရှင်းရေးကို ယမန်နေ့က တစ်ပြိုင်တည်း ဆောင်ရွက်သည်။

အဆိုပါလုပ်ငန်းများကို အိမ်မဲမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဦးဆောင်၍ ဌာနဆိုင်ရာများ၊ နယ်မြေခံတပ်ရင်း၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်နေပြည်သူ စုစုပေါင်းအင်အား ၁၇၅ ဦးခန့်ဖြင့် အဖွဲ့ နှစ်ဖွဲ့ခွဲကာ ချောင်းဝရပ်ကွက် (၁၂) လမ်းရှိ အောင်ချမ်းသာစေတီနှင့် (၂) လမ်းရှိ အာသောကာရုံကျောင်းတိုက်တို့၏ အတွင်းအပြင်၊ လမ်းဘေးဝဲ၊ ယာ၌ ပေါက်ရောက်နေသော မြက်များနှင့် အမှိုက်များကို စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။ **ချစ်သက်လယ် (ပြန်/ဆက်)**



# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဝါလကင်းလွတ်သီတင်းကျွတ် အခါသမယတွင် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်ဝတ္ထုကံတော်တွင် တည်ထား ပူဇော်အောင်မြင်ခဲ့သည့် ကမ္ဘာပေါ်ရှိထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော် အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ယခုနှစ် သြဂုတ်လ ၁ ရက်၊ ဒုတိယဝါဆိုလပြည့်နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင်၍ ဗုဒ္ဓါဘိသိက် သွန်းလောင်းပူဇော်ခြင်း၊ ကျောက်စာရုံစေတီတော်များအား ရွှေထီးတော်တင်လှူပူဇော်ခြင်းနှင့် ရေစက်ချအောင်ပွဲမင်္ဂလာ ကုသိုလ်တော် မဟာမင်္ဂလာအခမ်းအနားများကို နိုင်ငံတော်အဆင့် စည်ကားသိုက်မြိုက်စွာ ကျင်းပပြုလုပ်နိုင်ခဲ့ပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော် ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူများဖြင့် နေ့စဉ်စည်ကားလျက်ရှိကာ နေ့ထူးနေ့မြတ်အခါသမယများတွင် အထူးစည်ကား များပြားလျက်ရှိသည်ကို တွေ့ရှိရသည်။

ယနေ့သည် ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ဖြစ်ပြီး ဝါလကင်းလွတ် သီတင်းကျွတ်အခါသမယတွင် အများပြည်သူရိုးပိတ်ရက်ဖြစ်သည်နှင့်အညီ နိုင်ငံတစ်ဝန်းလုံးရှိ ဘုရားစေတီများ၊ ဘုန်းတော်ကြီးကျောင်း များ၌ ဘုရားဖူး ကုသိုလ်ယူသူများဖြင့် စည်ကားလျက်ရှိပြီး မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌လည်း အနယ်နယ်အရပ်ရပ်မှ လာရောက်ဖူးမြော်ကြည်ညိုကြသည့် ရဟန်း၊ ရှင်လူ ဘုရားဖူး ပြည်သူများ၊ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသူများ၊ ဥပုသ်သီတင်း ဆောက်တည်ကြသူများဖြင့် အထူးစည်ကားလျက်ရှိသည်။



**စတုဒိသာများကျွေးမွေး**

ထို့ပြင် ဘုရားဖူးရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား ကြည်ညိုသဒ္ဓါပွားများလျက်စေတနာသဒ္ဓါတရားထက်သန်စွာဖြင့် အလှူငွေများကို ပေးအပ်လှူဒါန်းကြပြီး ခုနစ်ရက်သားသမီး အလှူရှင်များအနေဖြင့်လည်း ဘုရားဖူးလာသူများကို အာဟာရဒါန စတုဒိသာများဖြင့် ကျွေးမွေး လှူဒါန်းလျက်ရှိသည်ကို တွေ့မြင်ရသည်။

ထိုသို့ အနယ်နယ်အရပ်ရပ်မှ လာရောက်ကြသည့် ဘုရားဖူး ရဟန်း၊ ရှင်လူ ပြည်သူများနှင့် ဘိုးဘွားများသည် ဗုဒ္ဓဥယျာဉ်တော်အတွင်းရှိ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဂန္ဓကုဋိတိုက်များ၊ သုဓမ္မာဇရပ်များ၊ မုစလိန္ဒကန်နှင့် နဂါးရုံဘုရား၊ ရေပန်းရင်ပြင်၊ မာရဝိဇယကျောင်းတော်၊ အဂ္ဂါဓိပတိသာသနာ့ဗိမာန်တော်ကြီး၊ သဒ္ဓါဓိပတိခေါင်းလောင်းတော်နှင့် ကျောက်စာရုံစေတီတော်များ **(အောက်ပုံ)**အပါအဝင် အခြားဘာသာရေးဆိုင်ရာ အဆောက်အဦများနှင့် ဥယျာဉ်များကို စိတ်အေးချမ်းသာစွာဖြင့် ဖူးမြော်ကြည်ညိုလေ့လာခြင်း၊ တရားဘာဝနာပွားများခြင်းနှင့် ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးထွန်းညှိပူဇော်ခြင်းများ၊ မီးပုံးပျံများ လွှတ်တင်ပူဇော်ခြင်းများ၊ လျှပ်ပန်းရောင်စုံ LED မီးပန်းစုံတို့ဖြင့် ပူဇော်ခြင်း၊ ဝတ်ရွတ်အသင်းများက ဝတ်ရွတ်ပူဇော်ခြင်းနှင့် မီးပုံးပျံများ လွှတ်တင်ခြင်းကို ဆောင်ရွက်ကြသည်။ **(အပေါ်ပုံ)**



**ဘုရားဖူး ၆၈၀၈၁ ဦး လာရောက်**

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို ရဟန်း၊ ရှင်လူ အများပြည်သူများ ဖူးမြော်ကြည်ညိုနိုင်ရေးအတွက် သြဂုတ် ၈ ရက်မှစ၍ စတင်ခွင့်ပြုပေးခဲ့ရာ ပြည်တွင်းပြည်ပမှ ဘုရားဖူးလာရောက်သူများဖြင့် နေ့စဉ်မပြတ် စည်ကားလျက်ရှိကြောင်း၊ ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) တွင်လည်း ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ ၆၈၀၈၁ ဦး လာရောက်ဖူးမြော် ကြည်ညိုခဲ့ကြောင်း၊ မြန်မာတို့၏ နေ့ထူးနေ့မြတ်များနှင့် အခါကြီးရက်ကြီးနေ့များတွင်လည်း ဘုရားဖူးပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရှိရပြီး စတင်ဖူးမြော်ခွင့်ပေးခဲ့သည့်နေ့မှစ၍ ယနေ့အထိ မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးသို့ လာရောက်ဖူးမြော်ကြည်ညိုသူ ရဟန်း၊ ရှင်လူ ဘုရားဖူးပြည်သူ စုစုပေါင်း ၉၆၆၇၁၃ ဦး ရှိပြီဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် စည်ပေါက်ကံကျေးရွာအနီး ရှေးဟောင်းသမိုင်းဝင် မြစည်းခုံစေတီတော်၌ ဗုဒ္ဓပူဇနိယပွဲတော်ကို ကျင်းပရာ အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

နေအောင် (ပြန်/ဆက်)

ကရင်ပြည်နယ် မြဝတီမြို့ ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင် ရွှေမြင်းဝန် စေတီတော်မြတ်ကြီးတွင် သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က ဘုရားဖူးကုသိုလ်ပြုကြသူများ၊ ဆီမီး ၉၀၀၀ ကပ်လှူပူဇော်သူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။

ဇာဖြူဝင်း (ပြန်/ဆက်)





ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ် မာရ်အောင်မြင် ပြည်တော်ပြန်မြတ်စွာဘုရားကြီး၌ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) အောက်တိုဘာ ၂၉ ရက်က ဘုရားဖူးကုသိုလ်ပြုကြသူများဖြင့် စည်ကားနေသည်ကို တွေ့ရစဉ်။ (သီတင်းကျွတ်လပြည့်ကျော် ၁ ရက်အထိ ဆီမီးပူဇော်ခြင်းနှင့် မီးပုံးပျံလွှတ်တင်ခြင်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။)

**ဝေယံ (ပြန်/ဆက်)**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၂၈)ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော် အပါအဝင် မြို့နယ်အချို့ကို ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့ပြီး အပြစ်မဲ့ပြည်သူများအား သေကျေဒဏ်ရာရရှိခဲ့ကြောင်းနှင့် ဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရှိရသည်။

၂။ အထက်ပါဖြစ်စဉ်နှင့်ပတ်သက်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)အနေဖြင့် ပြင်းထန်စွာ ပြစ်တင်ရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ဘာသာပေါင်းစုံချစ်ကြည်ညီညွတ်ရေးအဖွဲ့ (ဗဟို)အလုပ်အမှုဆောင်အဖွဲ့

## မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ်များ၏ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီးက ပြင်းထန်စွာရှုတ်ချကြောင်း ထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံလုံးဆိုင်ရာ အစ္စလာမ်ဘာသာရေးအဖွဲ့ကြီး

## မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ လားရှိုး၊ မူဆယ်၊ နမ့်ဖက်ကာ စသည့်မြို့နယ်အချို့အား အောက်တိုဘာလ ၂၇ ရက်တွင် အကြမ်းဖက်သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူအဖွဲ့များ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံ ဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံဇဝံဂေလိခရစ်ယာန်မဟာမိတ်အဖွဲ့ချုပ်

## မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)၏ သဘောထားထုတ်ပြန်ချက်

၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လပြည့်နေ့

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်နေ့တွင် ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ကွမ်းလုံ၊ ချင်းရွှေဟော်မြို့တို့အား သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးမှုကြောင့် ဒေသခံပြည်သူများ သေဆုံးခဲ့မှုနှင့် ဒေသခံပြည်သူအချို့အား ဖမ်းဆီးခေါ်ဆောင်သွားခြင်းကို မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံသဘင်အစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်၏ သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာ (၂၇) ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ်များရှိ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်မှ ပြင်းထန်စွာကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်လိုက်သည်။

မြန်မာနိုင်ငံလုံးဆိုင်ရာဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်

## ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်) သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ (၂၈) ရက်

၂၀၂၃ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နံနက်က ရှမ်းပြည်နယ်(မြောက်ပိုင်း) ချင်းရွှေဟော်ဒေသကို တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားသည့် လက်နက်ကိုင်သောင်းကျန်းသူများကို ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော် (အောက်မြန်မာပြည်)က ပြင်းထန်စွာရှုတ်ချကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

ပြည်ထောင်စုမြန်မာနိုင်ငံ မက်သဒစ်အသင်းတော်(အောက်မြန်မာပြည်)

## မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို) အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

၁။ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ မြို့နယ်များရှိ နေရာအချို့ကို အောက်တိုဘာလ ၂၇ ရက်တွင် သောင်းကျန်းသူများက ဝင်ရောက်တိုက်ခိုက်ဖျက်ဆီးခဲ့သဖြင့် အပြစ်မဲ့ပြည်သူတချို့ သေဆုံး၊ ဒဏ်ရာရရှိခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများကို ထိခိုက်ပျက်စီးစေရန်နှင့် နိုင်ငံတော်တည်ငြိမ် အေးချမ်းရေးကို ပျက်စီးအောင်ပြုလုပ်နေသော လက်နက်ကိုင်သောင်းကျန်းသူများ၏ အကြမ်းဖက်လုပ်ရပ်များပေါ် မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)က ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံပန်းချီပန်းပုအစည်းအရုံး(ဗဟို)

## မြန်မာနိုင်ငံ ဟာသပညာရှင်များအစည်းအရုံး အကြမ်းဖက်လုပ်ဆောင်မှုများကို ကန့်ကွက်ရှုတ်ချကြောင်း သဘောထားထုတ်ပြန်ချက်

၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၈ ရက်

၁။ ၂၀၂၃ခုနှစ် အောက်တိုဘာလ ၂၇ ရက်နေ့နံနက်တွင် လက်နက်ကိုင်သောင်းကျန်းသူများက ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ့်ဖက်ကာနှင့် သိန္နီဒေသကို တိုက်ခိုက်ပြီး အပြစ်မဲ့ပြည်သူအရပ်သားများအား ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခဲ့ကြောင်း သိရှိရသည်။

၂။ ယခုကဲ့သို့ အပြစ်မဲ့ပြည်သူများ သေကျေဒဏ်ရာရရှိစေခြင်းနှင့် ဓားစာခံအဖြစ် ဖမ်းဆီးခေါ်ဆောင်သွားခြင်းတို့အပေါ် မြန်မာနိုင်ငံဟာသပညာရှင်များ အစည်းအရုံးက ပြင်းထန်စွာရှုတ်ချပါကြောင်း သဘောထားထုတ်ပြန်အပ်ပါသည်။

မြန်မာနိုင်ငံဟာသပညာရှင်များအစည်းအရုံး

## အစေ့ထုတ်ပြောင်းဈေးနှုန်း ယခင်အပတ်ထက် အနည်းငယ်မြင့်တက်

**စစ်ကိုင်း အောက်တိုဘာ ၂၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ပဲ၊ နှမ်းကုန်စည်ဒိုင်သို့ အစေ့ထုတ်ပြောင်းများ စက်တင်ဘာလ တတိယပတ်မှစတင်၍ ဝင်ရောက်ခဲ့ပြီး အရောင်းအဝယ်ဖြစ်သည့် ဈေးနှုန်းများမှာ အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၃၀၀ ပေါက်ဈေးရှိပြီး အောက်တိုဘာလ တတိယပတ် တစ်ပတ်အတွင်း အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တင်း ၁၈၀၀ (တန်အားဖြင့် ၄၅ တန်) အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း သိရသည်။

အောက်တိုဘာလ ဒုတိယပတ်နှင့် တတိယပတ် အရောင်းအဝယ်ဖြစ်သည့်ဈေးနှုန်း နှိုင်းယှဉ်ပါက အောက်တိုဘာလ ဒုတိယပတ်က အစေ့ထုတ်ပြောင်း တစ်တင်းလျှင် ငွေကျပ် ၁၆၂၀၀ ပေါက်ဈေးရှိခဲ့သဖြင့် တတိယပတ်တွင် အစေ့ထုတ် ပြောင်းတစ်တင်းလျှင် ငွေကျပ် ၁၀၀ ဈေးနှုန်းပိုမိုခဲ့ကြောင်း သိရသည်။

DOCA(စစ်ကိုင်း)

## မြိတ်ကုန်သွယ်ရေးစခန်းမှ ပြည်ပသို့ ငါးမှုန့်တန်ချိန် ၇၂၀ တင်ပို့

**မြိတ် အောက်တိုဘာ ၂၉**

မြိတ်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အတွင်း ပို့ကုန်တင်ပို့မှုအဖြစ် ငါးမှုန့်တစ်တန်လျှင် ၈၈၇ ဒေါ်လာနှုန်းဖြင့် တန် ၇၂၀ (တန်ဖိုး ဒေါ်လာ ၀ ဒသမ ၆၃၉ သန်း)၊ ငါးကြိတ်သား တစ်တန်လျှင် ၁၇၉၄ ဒေါ်လာနှုန်းဖြင့် ၁၄ ဒသမ ၄ တန် (တန်ဖိုး ဒေါ်လာ ၀ ဒသမ ၀၂၆ သန်း)ကို အကောက်ခွန် သက်သာခွင့်ဆိုင်ရာ ပင်ရင်းနိုင်ငံသက်သေခံလက်မှတ် Form D အကျိုးခံစားခွင့် လျှောက်ထားရယူ၍ ထိုင်းနိုင်ငံသို့ တင်ပို့နိုင်ခဲ့သည်။

မြိတ်ကုန်သွယ်ရေးစခန်းမှ အောက်တိုဘာ ၁၈ ရက်မှ ၂၂ ရက်အတွင်း သွင်းကုန်တင်သွင်းမှုအနေဖြင့် ဒီဇယ်ဆီတစ်တန်လျှင် ၁၀၁၉ ဒေါ်လာနှုန်းဖြင့် တန် ၁၀၀(တန်ဖိုး ဒေါ်လာ ၀ ဒသမ ၁၀၂ သန်း) တင်သွင်းခဲ့ပြီး မြိတ်ဒေသတွင် ဓာတ်ဆီ တစ်လီတာ ကျပ် ၃၀၀၀ နှင့် ဒီဇယ်တစ်လီတာ ၃၀၄၅ ကျပ်ဖြင့် ဖြန့်ဖြူးရောင်းချလျက်ရှိသည်။ မြိတ်ဒေသ၌ ကျပ်/ဘတ်ငွေလဲနှုန်းမှာ ၁ ဘတ်လျှင် ၉၁ ကျပ်ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

DOT(မူဆယ်)

## အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်) ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် သင်တန်းများဖွင့်လှစ်ရန် ရက်ပြောင်းလဲသတ်မှတ်

**နေပြည်တော် အောက်တိုဘာ ၂၉**

အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(ရန်ကုန်)၊ ၂၀၂၃-၂၀၂၄ ပညာသင်နှစ်တွင် ဖွင့်လှစ်မည့် ပထမနှစ်မှ စတုတ္ထနှစ်အထိ ဘွဲ့ကြိုတန်းများနှင့် မဟာဝိဇ္ဇာတန်းများအား ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်မည်ဖြစ်ကြောင်း နေ့စဉ်ထုတ်သတင်းစာများ၌ ကြေညာခဲ့သော်လည်း ယခုအခါ အခြားတက္ကသိုလ်များနှင့် တစ်ပြေးညီဖြစ်စေရေး ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၃ ရက်နေ့မှစ၍ ဖွင့်လှစ်မည်ဖြစ်ကြောင်း သိရှိရသည်။

သတင်းစဉ်

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများဖြင့် စည်ကား

နေပြည်တော် အောက်တိုဘာ ၂၉

**သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဘုရားစေတီများ၌ ကုသိုလ်ဒါနပြုကြသူများ၊ အပန်းဖြေနေရာများ၌ လာရောက်အပန်းဖြေကြသူများ၊ ဈေးဝယ်စင်တာများ၌ ဈေးဝယ်ကြသူများဖြင့် စည်ကားခဲ့သည်။**



ယနေ့နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၌ (၁၅)ကြိမ်မြောက် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) အခမ်းအနားနှင့် (၁၅၄) ကြိမ်မြောက် အသံမစဲမဟာပဋ္ဌာန်း ရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲမင်္ဂလာအခမ်းအနားကို ကျင်းပရာ ဦးစွာ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ဂေါပကအဖွဲ့ဝင်များနှင့်ဝန်ထမ်းများက အဘိဓမ္မာ ခုနစ်ကျမ်း ပါဠိတော်ကောက်နုတ်ချက်များကို ရွတ်ဆိုပူဇော်ကြသည်။

အဆိုပါ အခမ်းအနားသို့ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ဩဝါဒါစရိယဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး နေပြည်တော်တိုင်း စစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ကျော်စိုးဦး၊ စေတီတော်ဂေါပက အဖွဲ့ဝင်များနှင့် ဂေါပကအဖွဲ့ရုံးဝန်ထမ်းများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားတွင်စေတီတော်ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ၊ နေပြည်တော် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်၊ ပဓာနနာယက အဘိဇမဟာသဒ္ဓမ္မဇောတိကအဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဘဒ္ဒန္တပဏ္ဍိတထံမှ ဉ္ဇေ့ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး သံဃာတော် အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသော မေတ္တာသုတ် ပရိတ်တရားတော်များကို နာယူကြကာ ဆရာတော် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် လယ်ဝေးမြို့ အင်းသာအရှေ့ကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တပဏ္ဍိတထံမှ အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေခဲ့ကြသည်။

ထို့ပြင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ သတ္တာသတ္တာဟ မဟာဗောဓိစေတီတော် (ဗုဒ္ဓဂယာ -နေပြည်တော်)၊ မဟာသကျရံသီ ရုပ်တော်မူရုပ်ရှင်တော်မြတ်ကြီး၊ ရန်အောင်မြင် ရွှေလက်လှစေတီတော်၊ဓာတုစယဓာတ်ပေါင်းစုစေတီတော်၊ ထာဝရငြိမ်းချမ်းရေးစေတီတော်၊ လှေခွင်းတောင်တန်ခိုးကြီးဘုရား၊ ကိုးနဝင်းစေတီတော်၊ ဆုတောင်းပြည့်လောကမာရဇိန်စေတီတော်၊ သံသရာငြိမ်းအေးစေတီတော်၊ ဘုရားကိုးဆူ၊ ကိုးခန်းကြီးဘုရား၊ လောကရန်နိုမ်စေတီ၊ ဖောင်တော်ချက်မစေတီ၊ လက်လုပ်တောင်စေတီ၊ မြို့ပေါ်ရပ်ကွက်များရှိစေတီ ပုထိုးများနှင့် ကျောင်းကန်ဇရပ်များတွင် ယနေ့နံနက်ပိုင်းမှ စတင်ကာ ဘာသာရေးဝတ်အသင်းအဖွဲ့များ၊ ဒေသခံပြည်သူများ၊ ဝန်ထမ်းမိသားစုများ၊ ပတ်ဝန်းကျင်ဒေသများနှင့် အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာရောက်ကြသူများသည် တရားဘာဝနာပွားများခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ဝတ်ရွတ်ပူဇော်ခြင်း၊ ရွှေသင်္ကန်းကပ်လှူပူဇော်ခြင်း၊ ဆရာတော် သံဃာတော်များအား ဆွမ်းဆက်ကပ်လှူဒါန်းခြင်း၊ စတုဒိသာ ကျွေးမွေးလှူဒါန်ခြင်း စသည့် ကုသိုလ်ပြုမှုများဖြင့် စည်ကားခဲ့သည်။

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ ပရိဝုဏ်အတွင်းရှိ ရတနာဆင်ဖြူတော်ထိန်းသိမ်းစောင့်ရှောက်ရေး ဥယျာဉ်၌လည်း ဆင်စာကျွေးကြသူများ၊ နိဗ္ဗာန်ကုန်ဆိုင်များနှင့် အမှတ်တရပစ္စည်း အရောင်းဆိုင်များတွင်လည်း ဈေးဝယ်ကြသူများဖြင့် စည်ကားခဲ့သည်။

ညပိုင်းတွင်လည်း အဆိုပါဘုရားများ၌ ဆီမီးပူဇော်ပွဲများ၊ မြို့ပေါ်ရပ်ကွက်၊ ကျေးရွာများရှိ ဘုရားစေတီများနှင့် နေအိမ်များ၌ မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဆီမီးနှင့် လျှပ်စစ်မီးရောင်စုံထွန်းညှိပူဇော်ကြသူများ၊ မိဘ ဘိုးဘွားများနှင့် ဆရာသမားများကို လိုက်လံကန်တော့ကြသူများဖြင့် စည်ကားလျက်ရှိသည်။

အလားတူ နေပြည်တော်ရှိ Ocean Super Center ၊ Juction Center ၊ Naypyitaw Wholesale တို့ရှိ ဈေးရောင်းပွဲတော်များတွင် ဈေးဝယ်ကြသူများနှင့် မင်္ဂလာကန်တော်၊ နေပြည်တော်ရေပန်းဥယျာဉ်၊ တိရစ္ဆာန်ဥယျာဉ်နှင့် နေပြည်တော် အမျိုးသား အထိမ်းအမှတ်ဥယျာဉ်တို့တွင် အပန်းဖြေ လာရောက်ကြသူများဖြင့် စည်ကားခဲ့ပြီး နေပြည်တော်အတွင်းရှိ ဘောဂသိဒ္ဓိကားကြီးဝင်း၊ မြို့မဈေးနှင့် သပြေကုန်းကားဝင်းတို့တွင်လည်း အများပြည်သူများ စိတ်အေးချမ်းသာစွာ ခရီးသွားလာရန် ပြင်ဆင်နေမှုများကို တွေ့ရသည်။

မြန်မာတို့အတွက် သီတင်းကျွတ်လပြည့်နေ့သည် နေ့ထူး နေ့မြတ်ဖြစ်သကဲ့သို့ အဘိဓမ္မာအခါတော်နေ့လည်း ဖြစ်သည်။ အဆိုပါ နေ့ထူး နေ့မြတ်တွင် နိုင်ငံအနှံ့ရှိ ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်းပြီး မီးပုံးများ၊ ဆီမီးရောင်စုံများ ထွန်းညှိ၍ မီးမြင်းမိုရ်ပွဲများ ကျင်းပခြင်း၊ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ဒါနသီလ ကုသိုလ်ပွားများခြင်း စသည့် သူတော်ကောင်းတရားများကို ပွားများအားထုတ် ဆောင်ရွက်လျက်ရှိကြကြောင်း သိရသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဘုရား၊ စေတီပုထိုးများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြည်ညို၊ အပန်းဖြေနေရာများ၌ အများပြည်သူများဖြင့် စည်ကား

**နေပြည်တော် အောက်တိုဘာ ၂၉**



သီတင်းကျွတ်လသည် မြန်မာရာသီ ၁၂ လတွင် သတ္တမမြောက်လဖြစ်ပြီး သီတင်းကျွတ်လပြည့်နေ့တွင် အဘိဓမ္မာတရားတော်အား မြတ်စွာဘုရားရှင် ဟောကြား ပြီးဆုံးသည့်နေ့ဖြစ်သည့်အတွက် အဘိဓမ္မာဒေသနာတော်နေ့ ဖြစ်သည့်အားလျော်စွာ သီတင်းကျွတ်လပြည့်နေ့သည် ဗုဒ္ဓဘာသာဝင်တို့အတွက် လေးနက်ထူးခြားသည့် နေ့ထူးနေ့မြတ်ရက်တစ်ရက်လည်းဖြစ်သည်။

သီတင်းကျွတ်လပြည့်နေ့ နေ့ထူးနေ့မြတ်တွင် ဗုဒ္ဓဘာသာဝင်များအနေဖြင့် မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ဥပုသ်သီလဆောက်တည်ခြင်း၊ ပရိတ်တရားတော်များ ရွတ်ပွားပူဇော်ခြင်း၊ သက်ကြီးရွယ်အိုများနှင့် မိဘဘိုးဘွားများအား ကန်တော့ခြင်း၊ ကုသိုလ်ဒါနသီလပွားများခြင်းစသည့် သူတော်ကောင်းတရားများကို ကြိုးစားအားထုတ်ဆောင်ရွက်ကြလေ့ရှိသည့်အပြင် အထင်ကရနေရာများ၊ ပန်းခြံများ၊ အပန်းဖြေနေရာများ၌လည်း အပန်းဖြေခြင်းတို့ဖြင့် အထူးစည်ကားလျက်ရှိသည်။

ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေရှိ ကမ္ဘာပေါ်ရှိ ထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်တော်မူသော မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၊ ရန်ကုန်တိုင်းဒေသကြီးရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမြတ်မုနိ ရုပ်ရှင်တော်မြတ်ကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ မိဘပြည်သူများက ဝါကျွတ်ကာလအခါသမယအဖြစ် ဆီမီးများ ပူဇော်ခြင်းနှင့် ဖူးမြော်ကြည်ညိုခြင်းများဖြင့် ကုသိုလ်ယူခဲ့ကြသည်။ ထို့အပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ သက်ကြီးဘိုးဘွားများအား ပူဇော်ကန်တော့၍ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းများ၊ အာဟာရပြည့် စားသောက်ဖွယ်ရာများနှင့် စတုဒိသာကျွေးမွေးခြင်းများ၊ မြန်မာ့ရိုးရာ အကအလှဖျော်ဖြေခြင်းများကိုလည်း မြန်မာ့ရိုးရာ ထုံးတမ်းအစဉ်အလာများနှင့်အညီ ပြုလုပ်ခဲ့ကြသည်။

နေပြည်တော်ကောင်စီနယ်မြေ၊ ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် ရန်ကုန်-မန္တလေး အမြန်လမ်းမကြီးအပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်ရှိ မြို့နယ်များမှ လမ်းများပေါ်တွင်လည်း ဘုရားဖူးပြည်သူများ၊ အပန်းဖြေခရီးသွားရောက်သူများဖြင့် စည်ကားလျက်ရှိပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပန်းခြံများ၊ အပန်းဖြေဥယျာဉ်များနှင့် ကမ်းခြေများ၌လည်း သီတင်းကျွတ်ရုံးပိတ်ရက် လာရောက်အပန်းဖြေအနားယူကြသူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။

ထို့အပြင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း) ဝင်းအတွင်းရှိ လမ်းများနှင့် ပန်းအလှသစ်ပင်များတွင် ရောင်စုံမီးအလှများ တပ်ဆင်ခြင်း၊ မီးရောင်စုံများ တပ်ဆင်ထားသည့် ပုံစံငယ်များဖြင့် မီးအလှများ ဆင်ယင်ထားသကဲ့သို့ နေပြည်တော်၊ ရေပန်းဥယျာဉ်တွင်လည်း ရောင်စုံမီးများ တပ်ဆင်ထားပြီး လာရောက် အပန်းဖြေသူများဖြင့် စည်ကားများပြားလျက်ရှိသည်။ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌လည်း ဆီမီးပူဇော်ထွန်းညှိခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိပြီး ဥယျာဉ်၊ ပန်းခြံများနှင့် အများပြည်သူ အပန်းဖြေနေရာများတွင်လည်း ရောင်စုံမီးများဖြင့် မီးအလှများ တပ်ဆင်ထားရှိကာ ပြည်သူများလာရောက် အနားယူအပန်းဖြေလျက်ရှိကြကြောင်းနှင့် အလှမီးထွန်းညှိခြင်း၊ ရောင်စုံမီးပုံးများ လွှတ်တင်ခြင်းတို့ကို ပျော်ရွှင်စွာ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည့်ဝဆီများကို တတ်နိုင်သမျှလျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ပါ

# သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)၌ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီး ဘုရားစေတီများတွင် ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများနှင့် အထူးစည်ကားများပြားလျက်ရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

ယနေ့သည် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့)ဖြစ်သည့် အားလျော်စွာ ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် တန်ခိုးကြီးဘုရား၊ စေတီများ၌ အဘိဓမ္မာအခါတော်နေ့အခမ်းအနားများကို ကျင်းပကြရာ ကုသိုလ်ဒါနပြုကြသူ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားများပြားလျက်ရှိသည်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ရွှေတိဂုံစေတီတော်မြတ်ကြီး၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် ၁၃၈၅ ခုနှစ် သီတင်းကျွတ်လပြည့်နေ့ ဆွမ်းတော်ကြီးကပ်လှူပွဲ၊ အဘိဓမ္မာအခါတော်နေ့အခမ်းအနား၊ ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော် (အောင်ပွဲ) ရေစက်ချ အခမ်းအနားများကို ယနေ့နံနက်ပိုင်းတွင် စေတီတော်ရင်ပြင်ရှိ သတ်မှတ်နေရာများ၌ ကျင်းပကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် ဗုဒ္ဓရုပ်ပွားတော်များအား အရုဏ်တက်ချိန်တွင် ဆွမ်း၊ ဆီမီး၊ ပန်း၊ ရေချမ်းနှင့် သစ်သီးဆွမ်းများကို ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် ဝန်ထမ်းများက အဘိဓမ္မာအခါတော်နေ့ဆိုင်ရာ သိမှတ်ဖွယ်ရာ အမေးအဖြေများပြုလုပ်ခြင်း၊ ဓမ္မဒေသနာတော်များ စုပေါင်းရွတ်ဆိုခြင်း၊ ဆုတောင်းအမျှဝေ သာဓုခေါ်ဆိုခြင်း စသည်ဖြင့် အစီအစဉ်အတိုင်း ဆောင်ရွက်ကြသည်။

ယင်းနောက် ဝါတွင်းသီလခံယူပွဲနှင့် ဝါတွင်းကာလ ဗုဒ္ဓပူဇနိယပွဲတော်(အောင်ပွဲ) ရေစက်ချ အခမ်းအနားကို ဆက်လက်ကျင်းပရာ ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့်ပင့်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီး ဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေး ဝတ်အသင်းအဖွဲ့များနှင့် အလှူရှင်များ တက်ရောက်ကြည်ညိုကြသည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် မဟာဝိသုဒ္ဓါရုံကျောင်းတိုက် ပဓာနနာယက ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ၊ သ၊ စ၊ အ ပါဠိပါရဂူတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဘဒ္ဒန္တသိရိန္ဒာဘိဝံသ (ယောဆရာတော်)ထံမှ ညွှန်ပရိသတ်များက ကိုးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ ကိုယ်စား အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းက ဇယမင်္ဂလာအနုမောဒနာ စာတမ်းကို ဖတ်ကြားလျှောက်ထားသည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပက အဖွဲ့ဝင်များ၊ အလှူရှင်များက ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင် ရွှေတိဂုံစေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒွိပိဋကဓရ နယ + ဒီဃနိကာယ ပါဠိပါရဂူ ရွှေပြည်သာ ကျောင်းတိုက် ဆရာတော် ဘဒ္ဒန္တနာဂိတထံမှ ညွှန်ပရိသတ်များက လှူဒါန်းမှုအစုစုတို့အတွက် အနုမောဒနာတရားနာကြားပြီး ရေစက်ချအမျှပေးဝေကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဩဝါဒါစရိယ ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များက နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် (အဘိဓမ္မာ အခါတော်နေ့) ၌ ရွှေတိဂုံ စေတီတော်မြတ်ကြီး ရင်ပြင်နှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက်စောင်းတန်း လေးသွယ်၌ ဘုရားဖူးလာပြည်သူများဖြင့် အထူးစည်ကားလျက်ရှိသည်။

ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များနှင့် ဘုရားဖူးလာပြည်သူများသည် ရွှေတိဂုံစေတီတော် ပတ်လည်ရှိ ဆီမီးခုံများ၌ ဆီမီး ၁၁၀၀၀ ကို ထွန်းညှိပူဇော် ဆက်ကပ်လှူဒါန်းကြသည်။

အလားတူ မဟာဝိဇယစေတီတော်ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားကို ဂန္ဓကုဋီတိုက်အတွင်း၌ ကျင်းပရာ အရုဏ်တက်ချိန်တွင် စေတီတော်အား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးဆွမ်းတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ကြကာ ညနေပိုင်းတွင် ဂေါပကအဖွဲ့ဝင်များနှင့် ဘုရားဖူးလာပြည်သူများက ဆီမီး ၁၁၀၀၀ ထွန်းညှိပူဇော်ကြသည်။

ထို့ပြင် သီရိမင်္ဂလာကမ္ဘာအေး စေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အခမ်းအနားတွင် ကမ္ဘာအေး စေတီတော် ဂေါပကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော်ထံမှ ညွှန်ပရိသတ်များက ကိုးပါးသီလခံယူဆောက်တည်၍ အနုမောဒနာတရားနာကြားပြီး လှူဖွယ်ဝတ္ထုပစ္စည်းအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကြကာ ညပိုင်းတွင် ဂေါပကအဖွဲ့ဝင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ဝတ်အသင်းသူ အသင်းသားများနှင့် အလှူရှင်များက ဆီမီး ၆၅၀၀ ထွန်းညှိပူဇော်ကြသည်။

ထို့အတူ ဗိုလ်တထောင်ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော် ဂေါပကအဖွဲ့က ကြီးမှူး၍ သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့ အဘိဓမ္မာ(၇)ကျမ်း ရွတ်ဖတ်ပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက် ၇ နာရီတွင် စေတီတော်ရင်ပြင်ရှိ နန်းဦးဘုရား တန်ဆောင်း၌ ကျင်းပရာ ဂေါပကအဖွဲ့ဝင်များနှင့် ဝန်ထမ်းများက ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်မြတ်ကြီးအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ညပိုင်းတွင် ဆီမီး ၉၀၀၀ ထွန်းညှိပူဇော်ဆက်ကပ်ကြသည်။



သီတင်းကျွတ်လပြည့်(အဘိဓမ္မာအခါတော်နေ့)တွင် ဗိုလ်တထောင်ကျိုက်ဒေးအပ်ဆံတော်ဦးစေတီတော်၌ ဘုရားဖူးလာပြည်သူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။

အလားတူ ဆူးလေစေတီတော်၊ ဝရဒါဠာဓာတုစေတီယစွယ်တော်မြတ်စေတီတော်(ရန်ကုန်)၊ မင်းဓမ္မကုန်းတော်ရှိ လောကချမ်းသာ အဘယလာဘမုနိဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၊ ရှေးဟောင်းသမိုင်းဝင် အပရာဇိတဆံတော်ရှင်ကျိုက်ဝိုင်းစေတီတော်၊ ငါးထပ်ကြီးဘုရား၊ ခြောက်ထပ်ကြီးဘုရား၊ ရွှေဘုန်းပွင့်စေတီတော်နှင့် ဆုတောင်းပြည့် မယ်လမုစေတီတို့တွင် လည်း ဂေါပကအဖွဲ့များက ကြီးမှူး၍ ယနေ့နံနက်ပိုင်း အရုဏ်တက်ချိန်တွင် စေတီတော်နှင့် ဘုရားရုပ်ပွားတော်များအား ဆွမ်း၊ ပန်း၊ ရေချမ်း၊ ဆီမီး၊ သစ်သီးတို့ဖြင့် ကပ်လှူပူဇော်ကြပြီး ဂေါပကအဖွဲ့ဝင်များ၊ ဘာသာရေးဝတ်အသင်းအဖွဲ့များက အဘိဓမ္မာတရားတော်များကို ရွတ်ဖတ်ပူဇော်ခဲ့ကြသည်။

ယနေ့ သီတင်းကျွတ်လပြည့် အဘိဓမ္မာ အခါတော်နေ့တွင် ရန်ကုန်မြို့ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများက ပန်း၊ ရေချမ်း၊ ဆီမီးများ ပူဇော်ကြခြင်း၊ အလှူရှင်များက စတုဒိသာ ကျွေးမွေးလှူဒါန်းကြခြင်း၊ မြို့နယ်ရပ်ကွက်အသီးသီးရှိ လမ်းများ၌ ကုသိုလ်ကောင်းမှုပြုလုပ်ကြခြင်း၊ သက်ကြီး၊ ဝါကြီး၊ မိဘ၊ အဘိုးအဘွား၊ ဆရာသမားများအား ကန်တော့ခြင်း၊ ဥပုသ်သီလ ဆောက်တည်ကြခြင်း၊ ရုံးများ၊ လူနေအိမ်များနှင့် လမ်းများ၌ ရောင်စုံလျှပ်စစ်မီးများ၊ ဆီမီးများ၊ ဖယောင်းတိုင်မီးများ ထွန်းညှိပူဇော်ကြခြင်းများ ပြုလုပ်ကြရာ မြန်မာတို့၏ ချစ်စရာကောင်းသော ယဉ်ကျေးမှုဓလေ့ပင်ဖြစ်ပေတော့သည်။ **ကိုကိုဇော်(MNA)**

**ဓာတ်ပုံ-ဇော်လတ်**

## အုတ်တွင်းမြို့နယ်၌ မိုးစပါးစံကွက် ရိတ်သိမ်းခြင်းနှင့် ပိုက်ဆံလျှော် မျိုးစေ့ထောက်ပံ့ပေးအပ်

**အုတ်တွင်း အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး အုတ်တွင်းမြို့နယ်အတွင်း မိုးစပါးများ အထွက်နှုန်းကောင်းစေရန်၊ မျိုးကောင်းမျိုးသန့်စပါးမျိုးများ စိုက်ပျိုးထားမှုအပေါ် အထွက်နှုန်းသိရှိစေရေးအတွက် အောက်တိုဘာ ၂၇ ရက်က နတ်စဉ်ကုန်းကျေးရွာ တောင်သူဦးတင်အုန်း၏ ထိုင်းနံ့ကောက် မိုးစပါး ၁၅ ဧကတွင် စံကွက်ရိတ်သိမ်းဆောင်ရွက်ကြသည်။

အဆိုပါ မိုးစပါးစံကွက်ရိတ်ပွဲသို့ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးညီညီနှင့် ကော်မတီဝင်များက တက်ရောက်ကြည့်ရှုအားပေးခဲ့ပြီး တစ်ဧကလျှင် စပါးအစို ၁၃၅ တင်း ထွက်ရှိကြောင်း သိသည်။

ဆက်လက်၍ တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များက ကျေးရွာအုပ်စုအတွင်းရှိ ဒေသခံတောင်သူများထံသို့ ပိုက်ဆံလျှော်မျိုးစေ့နှင့် ပဲလွန်းမျိုးစေ့များကိုလည်း ထောက်ပံ့ပေးအပ်ကြောင်း သိရသည်။ **ခင်ခင်မာ(ပြန်/ဆက်)**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် အောက်တိုဘာ ၂၉**

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ မြိတ်မြို့တွင် ၂ ဒသမ ၀၅ လက်မ၊ မိုင်းယန်းမြို့တွင် ၁ ဒသမ ၇၃ လက်မ၊ အင်္ဂပူမြို့တွင် ၁ ဒသမ ၆၆ လက်မ၊ ဇလွန်မြို့တွင် ၁ ဒသမ ၄၆ လက်မ၊ ထားဝယ်မြို့တွင် ၁ ဒသမ ၂၆ လက်မ၊ ကျိုက်လတ်မြို့တွင် ၀ ဒသမ ၈၀ လက်မနှင့် ဖြူးမြို့တွင် ၀ ဒသမ ၇၉ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# မန္တလေးမြို့တွင် သီတင်းကျွတ်လပြည့်နေ့တန်ခိုးကြီးဘုရားများ၌ ကုသိုလ်ကောင်းမှုများပြုလုပ်ကြပြီး မီးထွန်းပွဲတော်များနှင့် စည်ကားလျက်ရှိ

**မန္တလေး အောက်တိုဘာ ၂၉**

ယနေ့ကျရောက်သည့် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)သည် ဗုဒ္ဓဘာသာဝင်များ၏ နေ့ထူး နေ့မြတ်ဖြစ်သည်နှင့်အညီ မန္တလေးမြို့ရှိ တန်ခိုးကြီးဘုရားများ၊ မြို့နယ်၊ ရပ်ကွက် အသီးသီးရှိ စေတီပုထိုးများနှင့် ဓမ္မာရုံများ၌ မြတ်စွာဘုရားရှင်အား ပန်း၊ ရေချမ်း၊ ဆီမီး ကပ်လှူပူဇော်၍ ကုသိုလ်ကောင်းမှု ပြုလုပ်ကြပြီး ညပိုင်းတွင်ဘုရားရှင်အား ဆီမီးထွန်းညှိပူဇော်၍ မီးထွန်းပွဲတော် အစီအစဉ်များ ကျင်းပကာ မြို့လုံးအနှံ့စည်ကားလျက်ရှိသည်။



မန္တလေး ပြည်သူများသည် ဒေသ၏ ကုသိုလ်ကောင်းမှု ပြုလုပ်ကြသည့် ဓလေ့ထုံးစံအတိုင်း နံနက်အာရုံတက်တွင် မဟာမုနိဘုရားကြီးသို့ ဦးခိုက်ပူဇော်ကာ ပန်း၊ ရေချမ်း၊ ဆီမီးများနှင့် ရွှေသင်္ကန်းများကို ဆက်ကပ်လှူဒါန်းကြပြီး မြို့တွင်းရှိ တန်ခိုးကြီးဘုရားများဖြစ်ကြသည့် ရွှေကျီးမြင်မြတ်စွာဘုရား၊ မန္တလေးတောင်ခြေရှိ ကျောက်တော်ကြီးဘုရား၊ ကုသိုလ်တော်ဘုရားနှင့် စန္ဒာမုနိဘုရားများအပြင် အောင်တော်မူဘုရား၊ ကျောက်စိမ်းစေတီတို့တွင်လည်း ကုသိုလ်ပြုကြသူများ၊ ဘုရားစေတီများ၏ အေးချမ်းသည့် အရိပ်အာဝါသအောက်တွင် တရားဘာဝနာ ပွားများကြသူများကို တွေ့မြင်ရသည်။

ထို့အတူ မန္တလေးတောင်ခြေရှိ မဟာသကျမာရဇိန်ကျောက်တော်ကြီး မြတ်စွာဘုရား၊ မဟာလောကမာရဇိန် ကုသိုလ်တော်ဘုရား (**အပေါ်ပုံ**)နှင့် စန္ဒာမုနိဘုရားတို့၏ ဘုရားသုံးဆူ ဗုဒ္ဓပူဇနီယပွဲတော်ကြီးကိုလည်း အစဉ်အလာမပျက် ကျင်းပလျက်ရှိရာ ယနေ့သီတင်းကျွတ်လပြည့်နေ့တွင် အလှူရှင်ပြည်သူများနှင့် ဘာသာရေးအသင်းအဖွဲ့အသီးသီးတို့က ဆွမ်းတော်ကြီးကပ်လှူခြင်း၊ ပန်း၊ ရေချမ်း၊ လျှပ်စစ်မီး၊ ဖယောင်းတိုင်၊ ဆီမီးထွန်းညှိ ပူဇော်ခြင်းတို့ဖြင့် ကုသိုလ်ကောင်းမှုများ ပြုလုပ်ကြပြီး၊ ညပိုင်းတွင် ပွဲတော်လာပြည်သူများဖြင့် ကြိတ်ကြိတ်တိုး စည်ကားလျက်ရှိသည်။

အလားတူ သီတင်းကျွတ်လပြည့် ညပိုင်းတွင် မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူး၍ မြန်မာ့ရိုးရာ သီတင်းကျွတ်မီးထွန်းပွဲတော်ကို မန္တလေးနန်းမြို့ရိုး အရှေ့ဘက်ခြမ်းရှိ ရတနာပုံဥယျာဉ် (၆၆လမ်း၊ ၁၂လမ်းမှ ၂၆လမ်းကြား)နေရာတွင် ကျင်းပပြီး စတုဒိသာ အကျွေးအမွေးများ ဖြင့်ဧည့်ခံပြီး နိုင်ငံကျော်အနုပညာရှင်များပါဝင်သည့် တေးဂီတအဖွဲ့အပြင် ကျောက်ဆည် ဆင်အက၊ ရိုးရာခြင်းလုံး အလှခတ် စသည့် ဖျော်ဖြေရေးအစီအစဉ်များ ထည့်သွင်းကာ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်း၊ ဆီမီးရေမျှောခြင်း၊ မီးပုံးပျံ လွှတ်တင်ခြင်းများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ရာ လာရောက်ပါဝင်ဆင်နွှဲသူများဖြင့် အထူးစည်ကားလျက်ရှိသည်ကို တွေ့ရသည်။ (**အောက်ပုံ**)

ထို့ပြင် မန္တလေးမြို့အတွင်းရှိ အထင်ကရ ဘုရားများနှင့် ရပ်ကွက်အတွင်းရှိ ဘုရား၊ စေတီများ၊ ဓမ္မာရုံများနှင့် နေအိမ်များတွင် မြတ်စွာဘုရားရှင်ကို ရည်မှန်း၍ ဆီမီးထွန်းညှိ ပူဇော်ကြခြင်း၊ ကလေးငယ်များက မီးရှူးမီးပန်းများနှင့် မီးပုံးအရုပ်များဖြင့် ပျော်ရွှင်စွာ ဆော့ကစားခြင်းများအပြင် မိသားစုအလိုက် မိဘ၊ ဆရာသမားများအား လိုက်လံ ဂါရဝပြု ကန်တော့ခြင်းများဖြင့် ရိုးရာယဉ်ကျေးမှု ဓလေ့ပုံရိပ်ကို ပီပြင်စွာ ဖော်ထုတ်ခဲ့ကြကြောင်း သိရသည်။

**မောင်အေးချမ်း**





## သီတင်းကျွတ်လပြည့်ညတွင် အမှတ်(၃)စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)၌ ဖျော်ဖြေပွဲကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

ပြည်ထောင်စုနယ်မြေ နေပြည်တော် အမှတ် (၃) စစ်ကြောရေးနှင့် တည်းခိုရေးစခန်း(ရွာတော်)၊ ကဇာတ်ရုံများ၌ (သီတင်းကျွတ်လပြည့်ည) အောက်တိုဘာ ၂၉ရက် ည ၇နာရီမှ ၉နာရီအထိ ဖျော်ဖြေပွဲများ ကျင်းပသည်။ (**အပေါ်ပုံ**)

ထိုဖျော်ဖြေပွဲကျင်းပပေးရခြင်းမှာ နိုင်ငံတော်အဆင့်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အားလုံးပါဝင်သည့် (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို အောက်တိုဘာ ၂၄ရက်မှ ၃၁ရက်အထိ ခမ်းနားထည်ဝါစွာ ကျင်းပပြုလုပ်လျက်ရှိပြီး ပြိုင်ပွဲများသို့ လာရောက်ယှဉ်ပြိုင်ကြသည့် တိုင်းဒေသကြီး၊ ပြည်နယ်များမှ ပြိုင်ပွဲဝင်များနှင့် အုပ်ချုပ်သူများအား ညပိုင်းအားလပ်ချိန်များတွင် စိတ်လက်ပေါ့ပါးစွာ အပန်းဖြေပျော်ရွှင်မှုရရှိစေရန်နှင့် စိတ်ဓာတ်ပိုင်းဆိုင်ရာ အားပေးမြှင့်တင်မှု ရရှိစေရန်အတွက် သီတင်းကျွတ်လပြည့်ညနှင့် လပြည့်ကျော်တစ်ရက်ညအထိ ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးနှင့် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတို့က ကဇာတ်ရုံနှစ်ရုံတွင် အကပဒေသာများနှင့် တေးဂီတများဖြင့် ဖျော်ဖြေတင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။ **တင်စိုးလွင်**

## မြဝတီ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး ဟောပြော

**မြဝတီ အောက်တိုဘာ ၂၉**

ကရင်ပြည်နယ် မြဝတီမြို့နယ် အတွင်းရှိ မော်တော်ယာဉ်၊ မော်တော်ဆိုင်ကယ် မောင်းနှင်သူများအနေဖြင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သိကောင်းစရာများ သိရှိစေရေးအတွက် အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ နံနက် ၁၀နာရီတွင် ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဟောပြောပွဲတွင် အမှတ်(၇၃) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (မြဝတီ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး အောင်လင်းဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံငါးရပ်ကို ရှင်းလင်းဟောပြောပြီး တက်ရောက်လာသူများက သိရှိလိုသည့် အချက်များ မေးမြန်းကြသည်။

အလားတူ မြဝတီမြို့နယ် အတွင်း ကျန်ရှိသည့် ရပ်ကွက်များတွင် အသိပညာပေး ဟောပြောပွဲများ အရှိန်အဟုန်မြှင့် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**ဇာဖြူဝင်း(ပြန်/ဆက်)**



## တောင်တွင်းကြီးမြို့နယ်၌ မိုးစပါးစံကွက်ရိတ်သိမ်းပွဲကျင်းပ

**တောင်တွင်းကြီး အောက်တိုဘာ ၂၉**

မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ် ဝါးခြမ်းကာကျေးရွာအုပ်စုရှိ တောင်သူ ဦးစိုးရီ၏ ကွင်းအမှတ် ၁၉၉၉(က)၊ ဦးပိုင်အမှတ် (၁၆/၁)ရှိ တစ်ဧကစိုက်ခင်းတွင် အောက်တိုဘာ၂၆ရက်က ဆင်းသုခ မိုးစပါးစံကွက်ရိတ်သိမ်းခြင်းကို ဆောင်ရွက်သည်။ (**အောက်ပုံ**)



အဆိုပါ မိုးစပါးစံကွက် ရိတ်သိမ်းရာတွင် မကွေးခရိုင် လယ်ယာမြေစီမံခန့်ခွဲမှုနှင့် စာရင်းအင်းဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးခင်လှိုင်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်မျိုးအေးနှင့် ဝန်ထမ်းများ၊ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုနှင့်စာရင်းအင်းဦးစီးဌာနမှ မြို့နယ်ဦးစီးမှူး ဦးခင်မောင်အေးနှင့် ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် တောင်သူများက ပူးပေါင်းပါဝင်ရိတ်သိမ်းကြရာ ဆင်းသုခစပါး တစ်ဧကစံကွက်အစိုအထွက် နှုန်း ၁၂၉ တင်းနှင့် အခြောက်အထွက်နှုန်း ၁၀၄ ဒသမ ၉ တင်း ထွက်ရှိကြောင်း သိရသည်။

**အောင်ကို(ပြန်/ဆက်)**

## တိမ် အသင့်အတင့် ဖြစ်ထွန်းမည်

**နေပြည်တော် အောက်တိုဘာ ၂၉**

ကယားပြည်နယ်နှင့် ကရင်ပြည်နယ် အနီးတစ်ဝိုက်တို့တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး (အထက်ပိုင်း)၊ စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးတို့ အနီးတစ်ဝိုက်တို့တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

**မိုး/ဇလ**

# (၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်)ပြိုင်ပွဲ ဆက်လက်ကျင်းပ

**နေပြည်တော် အောက်တိုဘာ ၂၉**

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး (ဗဟိုအဆင့်) ပြိုင်ပွဲ ဆဌမနေ့ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ သတ်မှတ်နေရာအသီးသီးတွင် စည်ကားသိုက်မြိုက်စွာ ဆက်လက်ကျင်းပသည်။

(၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးတွင် မြန်မာတို့၏ ကိုယ်ပိုင်အဖိုးတန် အနုပညာရတနာများဖြစ်သည့် သီချင်းကြီး၊ သီချင်းခံ အဆို၊ အတီးပြိုင်ပွဲများ၊ ကိုယ်ပိုင်အနုပညာစစ်စစ်ဖြစ်သည့် မြန်မာ့ဆိုင်းဝိုင်းကြီး အပါအဝင် မြန်မာ့တူရိယာပစ္စည်း တီးခတ်မှုပြိုင်ပွဲများ၊ ကမ္ဘာသုံးတူရိယာများဖြစ်သည့် စန္ဒရား၊ ဒုံမင်း၊ မယ်ဒလင်၊ တယော၊ ဂီတာ အစရှိသောတူရိယာများကို မြန်မာသံမြန်မာဟန်ဖြင့် ယှဉ်ပြိုင်တီးခတ်သည့် ပြိုင်ပွဲများ၊ ခေါင်း၊ ခါး၊ ခြေ၊ လက်အချိုးအဆစ်များနှင့် ငြိမ့်ညောင်းစွာ ကပြကြသည့် အကပြိုင်ပွဲများ၊ မြန်မာအက အခြေခံဖြစ်သည့် ကဗျာလွတ်အက ပြိုင်ပွဲများ၊ နှုတ်မှုစွမ်းရည်ပြ ကွက်စိပ်ပြိုင်ပွဲများ၊ ကမ္ဘာက အလေးအနက်ထားရသည့် မြန်မာ့ရုပ်သေးကြိုးဆွဲပညာ ပြိုင်ပွဲများအပြင် မဟော်သဓာဇာတ်တော်ကြီးကိုလည်း မူရင်းဇာတ်တော်ကြီး၏ တီးလုံးတီးချက် အကအလှများနှင့်အတူ မြန်မာ့ဇာတ်သဘင် ဆို၊ ငို၊ ပြော ပညာရပ်များနှင့်ပေါင်းစပ်၍ ထူးကဲစွာယှဉ်ပြိုင်လျက်ရှိကြသည်။ ယခုနှစ် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးတွင် ပြိုင်ပွဲဝင် ဘာသာရပ်များ စုံလင်လှသည့်အပြင် အကဲဖြတ်ပညာရှင်ကြီးများ သိုက်သိုက်ဝန်းဝန်းဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ မျိုးဆက်သစ် ရွက်ပုန်းသီးပြိုင်ပွဲဝင် လူငယ်မောင်မယ်များ အင်ပြည့်အားပြည့် အားကြိုးမာန်တက် ဝင်ရောက်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

ယနေ့တွင် **"အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်း အဆိုပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Signing Room ၌ကျင်းပရာ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရခိုင်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြန်မာ့စိတ်ရင်း မြန်မာ့ရှုခင်း" သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး ပြိုင်ပွဲတွင် တနင်္သာရီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မွန်ပြည်နယ်၊ ချင်းပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကချင်ပြည်နယ်၊ ရောဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ကြိုနေမယ့်နေ့များ" သီချင်းဖြင့်လည်းကောင်း သီဆိုယှဉ်ပြိုင်ကြသည်။

**တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ (အလွတ်တန်းအဆင့်) အကပြိုင်ပွဲ**ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်း ဗဟိုဌာန(၂) Plenary Hall ၌ ကျင်းပရာ တနင်္သာရီတိုင်းဒေသကြီးမှ ထားဝယ်တိုင်းရင်းသားရိုးရာအကအဖွဲ့၊ ရောဝတီတိုင်းဒေသကြီးမှ မကြည်လဲ့မွန်နှင့်အဖွဲ့၊ ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားရိုးရာ အကအဖွဲ့၊ ရန်ကုန်တိုင်းဒေသကြီးမှ ဒေါ်ခိုင်လင်းဖြိုးနှင့်အဖွဲ့၊ ချင်းပြည်နယ်မှ ချင်းတိုင်းရင်းသားရိုးရာ (ဖလမ်း) အကအဖွဲ့၊ မန္တလေးတိုင်းဒေသကြီးမှ မရွှေဇင်မိုးနှင့်အဖွဲ့၊ စစ်ကိုင်းတိုင်းဒေသကြီးမှ မစုစန္ဒီနှင့်အဖွဲ့၊ မွန်ပြည်နယ်မှ မွန်တိုင်းရင်းသားအကအဖွဲ့၊ ရှမ်းပြည်နယ်မှ အင်းသားရိုးရာအကအဖွဲ့၊ ကချင်ပြည်နယ်မှ လီဆူတိုင်းရင်းသား အကအဖွဲ့၊ ပဲခူးတိုင်းဒေသကြီးမှ ကရင်ရိုးရာဖဲပြာအကအဖွဲ့၊ ကယားပြည်နယ်မှ ကယားတိုင်းရင်းသားအကအဖွဲ့၊ မကွေးတိုင်းဒေသကြီးမှ မောင်ကောင်းထက်နှင့်အဖွဲ့နှင့် ရခိုင်ပြည်နယ်မှ ရခိုင်ယိမ်းအကအဖွဲ့တို့က တိုင်းရင်းသားနှင့် ကျေးလက်ရိုးရာ ဓလေ့စရိုက်များ ပေါ်လွင်စေမည့် အကအလှများဖြင့် အဖွဲ့လိုက် အချိုးအဆစ်ညီညာပြေပြစ်စွာ ရသမြောက်ကပြယှဉ်ပြိုင်ကြသည်။

**အရေးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ကျင်းပရာ ဝါသနာရှင်အဆင့် (ဒုတိယတန်း)ပြိုင်ပွဲတွင် ရခိုင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ရောဝတီတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ထိန်းသိမ်းစို့လေ ရိုးရာအမွေ" ခေါင်းစဉ်ဖြင့် ဂီတရသစုံလင်စွာ ဖော်ကျူးတေးဖွဲ့ယှဉ်ပြိုင်ကြသည်။

**ဒုံမင်းအတီးပြိုင်ပွဲ** ကို မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(၂) News Briefing Room ၌ ကျင်းပရာ ဝါသနာရှင်အဆင့်(ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်နှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မဲဇာတောင်ခြေ" (ပတ်ပျိုး) သီချင်းဖြင့်လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြရည်နန္ဒာ" (ဘွဲ့) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေပဒ္မာနှန်" (ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဝေဘာဂီရိ" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသားပြိုင်ပွဲတွင် ရှမ်းပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ရောဝတီတိုင်းဒေသကြီးနှင့် မန္တလေးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ရွှေလည်တိုင်" (ကာလပေါ်) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တောင်တောသာယာ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မေတ္တာဖျန်းမှလန်းဆန်းမယ်" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဆန်းနွေဦး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မှိုင်းရိပ်ကယ်တည့်" (ကြိုး) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၅ နှစ်မှ ၂၀ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီးမှ ပြိုင်ပွဲဝင်က "အန္တရာယ်ကင်း" (ကာလပေါ်) သီချင်းဖြင့်လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ဆိုင်းတစ်ဦးချင်း အတီးပြိုင်ပွဲ**ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ကရင်ပြည်နယ်၊ မကွေးတိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "မြိုင်ဂန္ဓမာ"(ယိုးဒယား) သီချင်းဖြင့်လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရောဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက

*စာမျက်နှာ ၁၁ သို့*




ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် တာဝန်ရှိသူများ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် ပထမတန်းပြိုင်ပွဲတွင် "မဟော်သဓာ"ဇာတ်တော်ကြီးအဖြစ် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရဲမိုးလွင်ဇာတ်အဖွဲ့၏ ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးစဉ်။




ကျေးလက်ရိုးရာ (အလွတ်တန်းအဆင့်) အကပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီးမှ မောင်ကောင်းထက်နှင့် အဖွဲ့၏ ကပြယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့် (ပထမတန်း)အမျိုးသား ဒုံမင်းအတီး ပြိုင်ပွဲတွင် ရောဝတီတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။



ဝါသနာရှင်အဆင့် (ဒုတိယတန်း) အမျိုးသမီး "အမျိုးဂုဏ်၊ ဇာတိဂုဏ် မြှင့်တင်ရေး" တေးသီချင်းအဆိုပြိုင်ပွဲတွင် ချင်းပြည်နယ် ကိုယ်စားပြုပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။

## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့် ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

*စာမျက်နှာ ၁၀ မှ*

"မြန်သပြေဖွေ တကျွန်းခြားမြေ" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီးပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှပြိုင်ပွဲဝင်များက "ခန်းတွင်းရိပ်သာ" (ကြိုး) သီချင်းဖြင့် လည်းကောင်း တီးခတ်ယှဉ်ပြိုင်ကြသည်။

**ပတ္တလားပြိုင်ပွဲ**ကို အမျိုးသားပြတိုက် (နေပြည်တော်) ရှိ Mini Theatre ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကရင်ပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ခွာပြာသင်း" (ပတ်ပျိုး) သီချင်းဖြင့် လည်းကောင်း၊ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသမီးပြိုင်ပွဲတွင် ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "လေပြည်ဆော်သွင်မြူး" (ယိုးဒယား) သီချင်းဖြင့် လည်းကောင်း၊ အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသားပြိုင်ပွဲတွင် ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဂန္ဓမာတောင်" (ဘွဲ့) သီချင်းဖြင့်လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသားပြိုင်ပွဲတွင် ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ဧရာဝတီတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီချင်းဖြင့် လည်းကောင်း၊ အဆင့်မြင့်ပညာအဆင့် အမျိုးသမီး ပြိုင်ပွဲတွင် ကယားပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့မှ ပြိုင်ပွဲဝင်များက "ဘုံဆောင်မြင့်" (ကြိုး) သီးချင်းဖြင့်လည်းကောင်း ငြိမ့်ညောင်းသာယာစွာ တီးခတ်ယှဉ်ပြိုင်ကြသည်။

**ကွက်စိပ်ပြိုင်ပွဲ**ကို အမျိုးသားစာကြည့်တိုက် (နေပြည်တော်)ရှိ ဝန်ဇင်းမင်းရာဇာခန်းမ၌ ကျင်းပရာ ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးနှင့် ပဲခူးတိုင်းဒေသကြီးတို့မှ ပြိုင်ပွဲဝင်များက "တိလမုဋ္ဌိ ဇာတ်တော်ကြီး" ခေါင်းစဉ်ဖြင့် ဇာတ်တော်ကြီး၏ အနှစ်သာရနှင့် ဦးတည်ချက်ပေါ်လွင်အောင် နှုတ်မှုစွမ်းရည်ပြသ ဟောပြောယှဉ်ပြိုင်ကြသည်။





ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့၏ တင်ဆက်ကပြမှုကို ကြည့်ရှုအားပေးကြစဉ်။

**ရုပ်စုံသဘင် အဖွဲ့လိုက်ပြိုင်ပွဲ** ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ ယဉ်ကျေးမှုရတနာခန်းမ၌ ကျင်းပရာ ရုပ်စုံသဘင်အဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း)ပြိုင်ပွဲတွင် "ပညာရွှေအိုး" ဇာတ်တော်ကြီးဖြင့် စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြု ဇေယျာသီရိရုပ်စုံအဖွဲ့က မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်များကို ဖော်ကျူးသည့် အကအလှများ၊ ဆိုငိုပြောပညာရပ်များ၊ စကားပြောများဖြင့် တင်ဆက်ကပြ ယှဉ်ပြိုင်ကြသည်။

**ဇာတ်တော်ကြီးပြိုင်ပွဲ** ကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနရှိ လေ့ကျင့်ရေးဇာတ်ရုံ၌ ကျင်းပရာ ဇာတ်တော်ကြီးအဖွဲ့လိုက် ဝါသနာရှင်အဆင့် (ပထမတန်း) ပြိုင်ပွဲတွင် "မဟော်သဓာ" ဇာတ်တော်ကြီးဖြင့် ပဲခူးတိုင်းဒေသကြီးကိုယ်စားပြု ရဲမိုးလွင်ဇာတ်အဖွဲ့က မူရင်းမဟော်သဓာဇာတ်တော်ကြီး၏ တီးလုံးတီးချက်များကိုမြန်မာ့ဇာတ်သဘင်၏ ဆို ငို ပြော ပညာရပ်များ၊ အကအလှများနှင့် အနုပညာရသမြောက် ပေါင်းစပ်ပြီး ယှဉ်ပြိုင်ကြသည်။

ယနေ့ကျင်းပသည့် ပြိုင်ပွဲများသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဝင်များ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရေးရာဝန်ကြီးများ၊ လူမှုရေးရာဝန်ကြီးများ၊ ဥပဒေချုပ်များ၊ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ပြိုင်ပွဲဝင်များ၏ အုပ်ထိန်းသူမိဘများက ပြိုင်ပွဲနေရာ အသီးသီး၌ လာရောက်ကြည့်ရှုအားပေးခဲ့ကြသည်။

မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကာလအတွင်း ပြိုင်ပွဲဝင်များကို ကျန်းမာရေးဆိုင်ရာ စည်းကမ်း သတ်မှတ်ချက်များနှင့်အညီ နေထိုင်သွားလာ စားသောက်နိုင်ရန်နှင့် စိတ်အေးချမ်းသာစွာ ပြိုင်ပွဲဝင်နိုင်ရန် လိုအပ်သည်များကို ကူညီစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ပြိုင်ပွဲဝင်များနှင့် ပြိုင်ပွဲသို့ လာရောက်ကြည့်ရှု အားပေးကြသည့် ဧည့်ပရိသတ်များအတွက် လိုအပ်သည့် ကျန်းမာရေးဆိုင်ရာကိစ္စများ စောင့်ရှောက်ပေးနိုင်ရန် တည်းခိုသည့် နေရာနှင့် ပြိုင်ပွဲကျင်းပသည့် နေရာများတွင် ကျန်းမာရေးဆေးပေးခန်းများ ဖွင့်လှစ်ထားရှိ၍ နေ့ညမပြတ်ဆောင်ရွက်ပေးလျက်ရှိသည်။ ပြိုင်ပွဲဆိုင်ရာ သတင်းအချက်အလက်များ ရရှိနိုင်ရေးအတွက်လည်း တည်းခိုဆောင်များတွင် ရုပ်မြင်သံကြားစက်များ တပ်ဆင်ပေးခြင်း၊ နေ့စဉ်ထုတ်သတင်းစာများ ထားရှိပေးခြင်းအပြင် ပြိုင်ပွဲနှင့်ပတ်သက်သည့် နေ့စဉ်ထုတ်သတင်းလွှာများ ရိုက်နှိပ်ဖြန့်ဝေပေးလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**




တိုင်းရင်းသားရိုးရာ/ကျေးလက်ရိုးရာ (အလွတ်တန်းအဆင့်) အကပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ လီဆူတိုင်းရင်းသားအကအဖွဲ့၏ ယှဉ်ပြိုင်မှု။



အခြေခံပညာအဆင့် (အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း) အမျိုးသမီး ဒုံမင်းအတီးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။




ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသား ပတ္တလားအတီးပြိုင်ပွဲတွင် မွန်ပြည်နယ်ကိုယ်စားပြု ပြိုင်ပွဲဝင်၏ တီးခတ်ယှဉ်ပြိုင်မှု။




ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားကွက်စိပ်ပြိုင်ပွဲတွင် မကွေးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။




ဝါသနာရှင်အဆင့် (ပထမတန်း) အမျိုးသားကွက်စိပ်ပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီး ကိုယ်စားပြုပြိုင်ပွဲဝင်၏ ယှဉ်ပြိုင်မှု။

# အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ကျင်းပပေးတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေလည်း ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့နေမှာဖြစ်ပါတယ်

**ဒေါက်တာထင်လင်းအောင်(အုပ်ချုပ်သူ-ဧရာဝတီတိုင်းဒေသကြီး)**

နေပြည်တော် အောက်တိုဘာ ၂၉

(၂၄)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီးကို နေပြည်တော်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိရာ ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ ပြိုင်ပွဲဝင်များ၊ အကဲဖြတ်ပညာရှင်များ၊ အုပ်ချုပ်သူများနှင့်တွေ့ဆုံ၍ ပြိုင်ပွဲကြီးအပေါ်ထားရှိသည့် ၎င်းတို့၏သဘောထားခံစားချက်များကို တွေ့ဆုံမေးမြန်းရေးသားဖော်ပြလိုက်ရပါသည်။

**ဦးသန်းမြတ်စိုး(အကဲဖြတ်ပညာရှင်)**

ကျွန်တော်က အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲမှာ အကဲဖြတ်ပညာရှင်အဖြစ် တာဝန်ယူဆောင်ရွက်ပါတယ်။ အကဲဖြတ်ပေးရာမှာ အသံကောင်းခြင်း၊ ဆိုပုံဆိုဟန်၊ စည်းဝါးကိုက်ညီမှု၊ အသံအနေအထားကလည်း အတက်အကျမှန်ရမယ်၊ ဇာတိမာန်တက်ကြွစေတဲ့အပေါ်မှာ အမှတ်ပေးရပါတယ်။ မြန်မာမှုအနုပညာတချို့က တဖြည်းဖြည်းနဲ့ တိမ်ကောပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ။ တိုင်းတစ်ပါးတေးဂီတတွေကလည်း အလွန်လွှမ်းမိုးလာပါတယ်။ ဒီလိုအချိန်မှာ နိုင်ငံတော်က အခုလိုပွဲကြီးကို ပြန်လည်ကျင်းပပေးတဲ့အတွက် အနှစ်သာရတွေ ပြန်လည်ပြည့်ဝလာစေပါတယ်။ အနာဂတ်အတွက်လည်း အမှန်တကယ်ကို အကျိုးရှိစေပါတယ်။


ဦးသန်းမြတ်စိုး


ဒေါက်တာထင်လင်းအောင်


မောင်နေမျိုးဦး


မကြည်လဲ့မွန်


မောင်တင်ထွန်းဦး

နိုင်ငံတော်က ဒီလိုအစီအစဉ်တွေကို ဆောင်ရွက်ပေးတဲ့အတွက် အင်မတန်ကျေးဇူးတင်ရပါတယ်။

ကျွန်တော်တို့က မြန်မာမှုနဲ့တစ်သက်လုံးကြီးပြင်းလာတဲ့ သူတွေပဲဖြစ်ပါတယ်။ အနာဂတ် သားငယ်၊ သမီးငယ်တွေက ဒီတာဝန်တွေကို ဆက်လက်ထမ်းဆောင်နိုင်အောင် ပြောင်းရွှေ့ပေးတာပဲ ဖြစ်ပါတယ်။ ဒီအဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးက အနယ်နယ်အရပ်ရပ်မှာရှိတဲ့ မီးခဲပြာဖုံးတွေအတွက် အင်မတန်ကောင်းတဲ့ အစီအစဉ်တစ်ခု ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးကျင်းပခြင်းအားဖြင့် အနုပညာမောင်နှမတွေအချင်းချင်း ဆုံတွေ့ခွင့်ရတယ်။ ကိုယ့်ရဲ့အနုပညာကိုလည်း ထုတ်ပြခွင့်ရတယ်။ ကြိုးစားမှုတွေကိုလည်း အကောင်အထည်ဖော်ခွင့်လည်း ရတယ် စတဲ့အကျိုးကျေးဇူးတွေကို ရရှိစေပါတယ်။

**ဒေါက်တာထင်လင်းအောင်(အုပ်ချုပ်သူ-ဧရာဝတီတိုင်းဒေသကြီး)**

ကျွန်တော်က (၂၄)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်တွေရဲ့ အုပ်ချုပ်သူအဖြစ် တာဝန်ယူထားပါတယ်။ တိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ပြိုင်ပွဲဝင်၊ အုပ်ချုပ်သူနဲ့ ပွဲပိုးတီးခတ်သူတွေစုစုပေါင်း ၄၀၁ ဦး လာရောက်ယှဉ်ပြိုင်ကြပါတယ်။ ပြိုင်ပွဲဝင်ဦးရေကတော့ ၂၄၈ ဦး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ယခင်နှစ်က တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက်မှာ တတိယဆု ရရှိခဲ့ပါတယ်။ ယခင်နှစ်ကထက် ပြိုင်ပွဲဝင်ဦးရေနဲ့ ပြိုင်ပွဲဝင်ဘာသာရပ်တွေ ပိုများလာတဲ့အတွက် ဆုတံဆိပ်တွေ ပိုမိုရရှိမယ်လို့ မျှော်မှန်းထားပါတယ်။

ဒီနေ့မှာဆိုရင် တိုင်းရင်းသားရိုးရာ၊ ကျေးလက်ရိုးရာ အလွတ်တန်းအဆင့်အက ပြိုင်ပွဲမှာ တိုင်းဒေသကြီးကိုယ်စားပြုအဖြစ် ရေခပ်ဆင်းချိန်ဆိုတဲ့ သီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ကျွန်တော်တို့က ဧရာဝတီဆိုတဲ့အတိုင်း ဧရာဝတီမြစ်ကြီးကို ရင်ထဲမှာခံစားပြီး မြစ်ကြီးရဲ့နေဝင်ဆည်းဆာအချိန်မှာ အပျိုဖြန်းလေးတွေ ရေခပ်ဆင်းတဲ့သရုပ်ကို ကပြဖျော်ဖြေတာဖြစ်ပါတယ်။ ရေခပ်ဆင်းတဲ့အချိန်မှာလည်း ရေခပ်သူ၊ ကြက်ဖခွပ်တမ်းကစားသူ၊ ထုပ်ဆီးတိုးတမ်းကစားသူတွေနဲ့ ကျေးလက်သဘာဝ အလှလေးတွေကို တင်ဆက်ခဲ့တာဖြစ်ပါတယ်။

ကျွန်တော်က ကျောင်းဆရာတစ်ယောက်လည်း ဖြစ်တဲ့အတွက် ဦးတည်ချက် (၄)ရပ်အနက်မှာ တတိယအချက်ကို ပိုပြီးသဘောကျ နှစ်သက်ပါတယ်။ ဒီနေ့ခေတ်မှာ ဆိုရှယ်မီဒီယာ အားကောင်းလာတဲ့အတွက် မြန်မာ့ရိုးရာယဉ်ကျေးမှုတွေက တဖြည်းဖြည်းနဲ့ ပျောက်ကွယ်လုနီးပါး ဖြစ်နေပါပြီ။ အဲဒါကြောင့် နိုင်ငံတော်အစိုးရက အမျိုးဂုဏ်၊ ဇာတိဂုဏ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ဖို့အတွက် ဒီလိုပြိုင်ပွဲတွေကို ကျင်းပနေတာဖြစ်ပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းပေးတဲ့ပွဲကြီး ကျင်းပပေးတဲ့အတွက် နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။ သို့မှသာ မြန်မာ့ရိုးရာယဉ်ကျေးမှု အမွေအနှစ်တွေကလည်း ကမ္ဘာတည်သရွေ့ ဆက်လက်တည်တံ့နေမှာဖြစ်ပါတယ်။ ဒီပြိုင်ပွဲကြီးကို နှစ်စဉ်ကျင်းပပေးနေတာကို ကြိုဆိုသလို ဂုဏ်လည်းယူပါတယ်။ အခြားသောရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းစောင့်ရှောက်တဲ့ ပွဲလေးတွေကို ရံဖန်ရံခါ ထပ်ပြီးကျင်းပပေးနိုင်ရင် ပိုပြီးကောင်းလိမ့်မယ်လို့ ယုံကြည်ပါတယ်။ ဒါမှသာ လူငယ်၊ လူရွယ်လေးတွေက စိတ်ခေတ်ယိမ်းယိုင်မှုမရှိတော့ဘဲ ရိုးရာယဉ်ကျေးမှုအပေါ်မှာ အာရုံစူးစိုက်မှုတွေ ပိုပြီးရှိလာလိမ့်မယ်လို့ ယုံကြည်ပါတယ်။


မသဲအိမွန်


မဆုလာဒ်ဖြိုး

**မောင်နေမျိုးဦး(ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က ရခိုင်ပြည်နယ်ကိုယ်စားပြုအနေနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးတေးသီချင်းပြိုင်ပွဲ အဆင့်မြင့်ပညာအဆင့်မှာ ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ နှစ်သစ်၊ အကျင့်ဆိုး၊ မြန်မာ့စိတ်ရင်းမြန်မာ့ရှုခင်း၊ မြန်မာသီချင်းဆိုရအောင်ဆိုပြီး စုစုပေါင်း လေးပုဒ်လေ့ကျင့်ရပါတယ်။ အကောင်းဆုံးဖြစ်ဖို့အတွက် ဆရာတွေရဲ့ သင်ကြားပြသမှုနဲ့ ပြင်းပြင်းထန်ထန်လေ့ကျင့်ထားပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်ဆိုတဲ့အတိုင်း ဇာတိသွေး၊ ဇာတိမာန်တက်ကြွစေတဲ့ သီချင်းမျိုးဆိုတော့ မျိုးချစ်စိတ် ပိုမိုတက်ကြွစေပါတယ်။ ဒီပြိုင်ပွဲရဲ့ သီချင်းတွေမှာ နှစ်သစ်သီချင်းကို ပိုပြီးအားရပါတယ်။ (၂၃)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်မှာ စတင်ဝင်ရောက်ယှဉ်ပြိုင်ခဲ့တာ ဖြစ်ပါတယ်။ ဆုတံဆိပ်တော့ မရရှိခဲ့ပါဘူး။ အတွေ့အကြုံတွေတော့ အများကြီးရရှိခဲ့ပါတယ်။ ဒီနှစ်လည်း အကောင်းဆုံးကြိုးစားထားပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကြီးမှာ အနုပညာဝါသနာပါတဲ့ မျိုးဆက်သစ် လူငယ်တွေကို ပါဝင်ယှဉ်ပြိုင်စေချင်ပါတယ်။

**မကြည်လဲ့မွန်(ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မတို့က ဧရာဝတီတိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ ကျေးလက်ယိမ်းအကကို ရေခပ်ဆင်းချိန်သီချင်းနဲ့ ပါဝင်ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ ကျေးလက်ယိမ်းအကကို အင်အား ၁၆ ယောက်နဲ့ ယှဉ်ပြိုင်ကြမှာဖြစ်ပါတယ်။ အကောင်းဆုံးယှဉ်ပြိုင်နိုင်အောင် အားလုံးက ကြိုးစားထားကြပါတယ်။ ဒီအဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် အလွန်ကောင်းမွန်ပါတယ်။ မြန်မာ့ယဉ်ကျေးမှုကိုလည်း ဖော်ပြနိုင်တယ်၊ အခြားတိုင်းရင်းသားတွေရဲ့ ရိုးရာအကတွေလည်း မြင်တွေ့နိုင်တယ်၊ ယဉ်ကျေးမှုကိုလည်း ဆက်လက်ထိန်းသိမ်းနိုင်တဲ့အတွက် ကောင်းမွန်တဲ့ပွဲကြီးတစ်ခုဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။

**မောင်တင်ထွန်းဦး(ကယားပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်တော်က (၂၄)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲမှာ ခေတ်ဟောင်းကာလပေါ်ပြိုင်ပွဲနဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေး တေးသီချင်းပြိုင်ပွဲဆိုပြီး ဘာသာရပ်နှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ပါတယ်။ ဒီပြိုင်ပွဲကြီးအတွက် လေ့ကျင့်ချိန်ကနည်းပေမယ့် နည်းပြနဲ့ အတီးဆရာ၊ ဆရာမတွေရဲ့ သင်ကြားပြသမှုကို သေသေချာချာ လေ့ကျင့်ခဲ့ပါတယ်။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြှင့်တင်ရေးသီချင်းတွေမှာ တိုင်းရင်းသားအချင်းချင်း ချစ်ခင်စည်းလုံးစေတဲ့ အဓိပ္ပာယ်တွေ ပါဝင်တဲ့အတွက် သီဆိုရာမှာလည်း ဂုဏ်ယူစရာကောင်းပါတယ်။ မနှစ်ကလည်း ဒီဘာသာရပ်တွေကိုပဲ ယှဉ်ပြိုင်ခဲ့တာ တတိယဆုတွေရရှိခဲ့ပါတယ်။ ဒီနှစ်အတွက်ကတော့ အမြင့်ဆုံးကို မျှော်မှန်းထားပါတယ်။ ရရှိအောင်လည်း အကောင်းဆုံးယှဉ်ပြိုင်သွားမှာဖြစ်ပါတယ်။ အခုနောက်ပိုင်းမှာ အမျိုးဂုဏ်၊ ဇာတိဂုဏ်သီချင်းတွေကို စိတ်ဝင်စားမှုနည်းလာကြပါတယ်။ ဒီလိုပြိုင်ပွဲကြီးကို ကျင်းပပေးတဲ့အတွက် စိတ်ဝင်စားမှုနည်းနေတဲ့ တေးသီချင်းတွေကို ပိုပြီးရင်းနှီးလာစေမယ်လို့ ထင်ပါတယ်။

**မသဲအိမွန်(စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မက စစ်ကိုင်းတိုင်းဒေသကြီးကိုယ်စားပြုအနေနဲ့ အခြေခံပညာ(၁၀ နှစ်မှ ၁၅ နှစ်အတွင်း)အဆင့်ကို ပါဝင်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီပြိုင်ပွဲမှာ မယ်ဒလင်ပြိုင်ပွဲနဲ့ ဒုံမင်းပြိုင်ပွဲကို ပါဝင်ယှဉ်ပြိုင်တာဖြစ်ပါတယ်။ ဒုံမင်းမှာ ကြိုးအရေအတွက် ၂၉ ကြိုးနဲ့ မယ်ဒလင်မှာ ခြောက်ကြိုးပါဝင်ပါတယ်။ မယ်ဒလင်အတီးကို ပိုပြီးစိတ်ဝင်စားပါတယ်။ မနှစ်ကတော့ ဒုံမင်းအတီးပြိုင်ပွဲမှာ ဒုတိယဆု ရရှိခဲ့ပါတယ်။ ဒုံမင်းပညာကို အဘိုးဆီက သင်ကြားခဲ့တာဖြစ်ပါတယ်။ အဘိုးရဲ့ သေချာသင်ကြားပြသမှုတွေကို သေသေချာချာ လေ့ကျင့်ထားပါတယ်။ ဆုတွေလည်း အကောင်းဆုံးတွေရချင်ပါတယ်။ ဒီလိုပြိုင်ပွဲကြီးကို လာရောက်ယှဉ်ပြိုင်ရတဲ့ အတွက်လည်း ဝမ်းသာပါတယ်။

**မဆုလာဒ်ဖြိုး(ရခိုင်ပြည်နယ်ကိုယ်စားပြုပြိုင်ပွဲဝင်)**

ကျွန်မတို့က ရခိုင်ရိုးရာအကြောင်းကို ဖော်ကျူးထားတဲ့ ဤသည်ကားရခိုင်သား၊ ဤသည်ကား ရခိုင်ပြေသီချင်းနဲ့ ယိမ်းအကကို ပါဝင်ယှဉ်ပြိုင်ကြမှာ ဖြစ်ပါတယ်။ သီချင်းထဲမှာ ရခိုင်ပြည်နယ်အကြောင်း၊ သမိုင်းအကြောင်း၊ ရိုးရာအကြောင်း အကုန်လုံးဖော်ကျူးထားတဲ့ တေးသီချင်းဖြစ်ပါတယ်။ ကျွန်မတို့ ယိမ်းအကမှာ ပြိုင်ပွဲဝင် ၁၆ ယောက် ပါဝင်ပါတယ်။ ဆုတံဆိပ်နဲ့ ပတ်သက်လို့ကတော့ အားလုံးက ပထမဆုပဲရချင်ကြတာ ဖြစ်ပါတယ်။ ဒီလိုပြိုင်ပွဲကြီး ကျင်းပပေးတဲ့အတွက် အနုပညာဝါသနာပါတဲ့ သူတွေလည်း ဖော်ထုတ်ခွင့်ရတယ်၊ တိုင်းရင်းသားရိုးရာ အကတွေကိုလည်း ဖော်ကျူးကပြခွင့်ရတယ်။ အဲဒါကြောင့် ပြိုင်ပွဲကျင်းပပေးတဲ့ နိုင်ငံတော်အစိုးရကိုလည်း ကျေးဇူးတင်ပါတယ်။

**တွေ့ဆုံမေးမြန်း – အောင်ရဲသွင်၊ အေးအေးသန့်**

**ဓာတ်ပုံ – အောင်သန့်**

# Online လောင်းကစားနှင့် လိမ်လည်မှုများသည် မြန်မာနိုင်ငံမှ တရုတ်ပြည်သူများအား လိမ်လည်ခြင်းမဟုတ်သလို တရုတ်နိုင်ငံမှလည်း မြန်မာပြည်သူများအား လိမ်လည်ခြင်း မဟုတ်ဘဲ ရာဇဝတ်မှုကျူးလွန်ထားသော ပြည်ပြေးလူလိမ်တစ်စုနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အချို့က လုပ်ဆောင်နေခြင်းဖြစ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်းအား တရုတ်ပြည်သူ့သမ္မတနိုင်ငံ Phoenix New Media မှ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၃ ရက်နေ့တွင် လာရောက်တွေ့ဆုံ မေးမြန်းခဲ့ပါသည်။ **(ယာပုံ)** တွေ့ဆုံမေးမြန်းမှုအကျဉ်းချုပ်အား အောက်ပါအတိုင်း ဖော်ပြအပ်ပါသည်–

**Phoenix Media** – အခုလိုလာရောက်ဖြေကြားတဲ့အတွက် ကျေးဇူးတင်ပါတယ်။

**ဗိုလ်ချုပ် ဇော်မင်းထွန်း** – အခုလိုလာရောက်မေးမြန်းတဲ့အတွက် ကျေးဇူးတင်ပါတယ်။ တရုတ်နိုင်ငံမှ မီဒီယာများထဲမှ နိုင်ငံတော်ဝန်ကြီးချုပ် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နဲ့ တွေ့ဆုံခွင့်ရတဲ့မီဒီယာလို့ မှတ်မိနေပါတယ်။ အဲဒီအချိန်က မြန်မာ့နိုင်ငံရေးကို စိတ်ဝင်စားတဲ့အချိန်မှာ Interview ရိုက်ကူးခဲ့တာဖြစ်လို့ အောင်မြင်ခဲ့ကြောင်း သိရပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေအနေမှန်ကိုသိရဖို့ လာရောက်တဲ့အတွက်လည်း ကျေးဇူးတင်ပါတယ်။

**မေး**။ မြန်မာနိုင်ငံ မြောက်ပိုင်းမှာ Online လိမ်လည်မှုတွေကို ဘယ်အချိန်မှာ စတင်သိခဲ့ပါသလဲ။

**ဖြေ**။ ၂၀၂၀ – ၂၀၂၁ မြန်မာနိုင်ငံမတိုင်မီ ကမ္ဘောဒီးယားနဲ့ ဗီယက်နမ်နိုင်ငံတို့မှာ ဖြစ်ပွားခဲ့ပြီး ၂၀၂၁ – ၂၀၂၂ ကူးချိန်မှာ မြန်မာနိုင်ငံကို ရောက်လာခဲ့တာတွေ့ရပါတယ်။ အဲဒီလောင်းကစားလုပ်ငန်း လုပ်ကိုင်ကြတဲ့သူတွေဟာ ကမ္ဘောဒီးယားနိုင်ငံကနေ ပြေးလာပြီး မြန်မာနိုင်ငံတောင်ပိုင်းမှာရှိတဲ့ ရွှေကုက္ကိုလ်ဒေသမှာ လုပ်နေပြီဆိုတဲ့ သတင်းရရှိခဲ့ပါတယ်။ အနောက်နိုင်ငံတွေကလည်း ရွှေကုက္ကိုလ်ဟာ တရုတ်အစိုးရရဲ့ မူဝါဒအရ ဆောက်ခဲ့တာဆိုပြီး ဝါဒဖြန့်ခဲ့တာကြောင့် တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံအကြား အထင်အမြင်လွဲမှားမှုတွေ ဖြစ်ခဲ့ပါတယ်။ တပ်မတော်နဲ့ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့ ပူးပေါင်းဆောင်ရွက်ခဲ့တယ်ဆိုပြီး စွပ်စွဲခဲ့လို့လည်း ကျွန်တော်ကိုယ်တိုင်ပဲ သတင်းစာရှင်းလင်းပွဲလုပ်ပြီး ရှင်းလင်းခဲ့ရပါတယ်။ အဲဒီရွှေကုက္ကိုလ်စီမံကိန်းကို တည်ဆောက်ခွင့်ပိတ်ပြီးနောက်မှာ မြောက်ပိုင်း လက်နက်ကိုင်အဖွဲ့တွေဆီကို ရောက်လာခဲ့တာလည်း ဖြစ်နိုင်ပါတယ်။ ၂၀၂၁ – ၂၀၂၂ အကူးမှာမှ မြန်မာနိုင်ငံမြောက်ပိုင်းမှာ Online လောင်းကစားမှုတွေ လုပ်နေပြီဆိုတာ သိခဲ့ရပါတယ်။ မြန်မာအစိုးရအနေနဲ့လည်း ၂၀၂၂ ခုနှစ်ကစပြီး ခြေရာခံ၊ ဖမ်းဆီးမှုတွေ ပြုလုပ်ခဲ့ပါတယ်။ သူတို့အနေနဲ့ တရုတ်ဘက်တင်မကဘဲ မြန်မာဘက်ကိုပါ ပစ်မှတ်ထားလုပ်ဆောင်တာကိုလည်း တွေ့ပါတယ်။ Online မှာလုပ်တာဆိုတော့ ထင်ရှားတာမရှိဘဲ အနေချောင်နိုင်ငံ၊ ချောင်တဲ့နေရာမှာ လုပ်တာလည်း ဖြစ်ပါတယ်။

**မေး**။ Online လောင်းကစားမှုတွေ လုပ်ဆောင်နေတာကို သိသိချင်း ဘယ်လိုစီမံမှုတွေ ပြုလုပ်ခဲ့ပါသလဲ။ ပူးပေါင်းဆောင်ရွက်မှုဟာ မြန်မာနိုင်ငံဘက်က စတင်ခဲ့တာလား၊ တရုတ်နိုင်ငံဘက်က စတင်ခဲ့တာလား။

**ဖြေ**။ မြန်မာနိုင်ငံဘက်ကတော့ ဆိုရှယ်မီဒီယာကနေ စတင်လုပ်ဆောင်ခဲ့တာ ဖြစ်ပါတယ်။ ခြေရာခံပြီး စုံစမ်းခြင်း၊ လက်လှမ်းမီရင် ဆက်သွယ်ရေးဥပဒေ၊ လောင်းကစားဥပဒေနဲ့ အရေးယူခဲ့ပါတယ်။ သာမန်အနေထားနဲ့သာ လုပ်ဆောင်နိုင်ခဲ့ပြီး ကျယ်ကျယ်ပြန့်ပြန့် မလုပ်ဆောင်နိုင်ခဲ့ပါဘူး။ တရုတ်နိုင်ငံဘက်မှ အကြောင်းကြားလာမှသာ နှစ်နိုင်ငံပူးပေါင်းပြီး အရှိန်အဟုန်နဲ့ နှိမ်နင်းတာတွေ လုပ်ဆောင်ခဲ့ပါတယ်။



**မေး**။ Online ပေါ်မှာ သိတဲ့တစ်ယောက်က သူထိန်းချုပ်ခံရတယ်လို့ လူကြီးတွေကို သိအောင်ပြောပေးပါဆိုပြီး ပြောပါတယ်။ ပူးပေါင်းဆောင်ရွက်တဲ့ လုပ်ဆောင်မှုများကို ပြောပေးပါ။ ဖမ်းဆီးခဲ့တာ ဘယ်လောက်သိမ်းဆည်းရမိခဲ့ပါသလဲ။ တရုတ်လူမျိုး၊ မြန်မာလူမျိုး ဘယ်နှဦး ပါပါသလဲ။

**ဖြေ**။ ဖမ်းဆီးရမိခဲ့တာတော့ တစ်ထောင်နီးပါးရှိပြီး တကယ်ပြစ်မှုကျူးလွန်တာကတော့ သုံးရာနီးပါးရှိပါတယ်။ မြန်မာလူမျိုး ၅၀ ကျော်ပါဝင်ပြီး တရုတ်လူမျိုးရော အဲဒီဒေသမှာရှိတဲ့ တိုင်းရင်းသားလက်နက်ကိုင်တပ်ဖွဲ့ဝင်တွေပါ ပါဝင်ပါတယ်။ အသေးစိတ်ကိုတော့ သက်ဆိုင်ရာဌာနများက ပြောပြပေးမှာ ဖြစ်ပါတယ်။ ဆက်ပြီး လုပ်ဆောင်မှာတွေကို ပြောပြပါမယ်။ နံပါတ်တစ်အနေနဲ့ မြန်မာနိုင်ငံရဲ့ မူဝါဒကတော့ မြန်မာ့မြေကိုသုံးပြီး အိမ်နီးချင်းနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့်လုပ်ငန်းမျိုး၊ အဖျက်အမှောင့်လုပ်ငန်းမျိုး၊ မီဒီယာကနေ ဝါဒဖြန့်တာမျိုး၊ လိမ်လည်လောင်းကစားခြင်းမျိုးတွေကို လုံးဝလက်မခံဘဲ တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ Online လောင်းကစား လိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံ ပူးပေါင်းပြီး အမြစ်ပြတ်အောင်လုပ်မယ်လို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားပါတယ်။ ဒီနှစ် အောက်တိုဘာလ ၁၅ ရက်မှာလည်း တရုတ်နိုင်ငံရဲ့ အာရှရေးရာ အထူးကိုယ်စားလှယ်နဲ့ ကျွန်တော်တို့ နိုင်ငံတော်ဝန်ကြီးချုပ်နဲ့ တွေ့ဆုံဆွေးနွေးရာမှာလည်း မြန်မာနိုင်ငံမှာဖြစ်နေတဲ့ Online လိမ်လည်မှုတွေကို အမြစ်ပြတ်အောင် ဆောင်ရွက်မယ်လို့ သန္နိဋ္ဌာန်ချမှတ်ထားပါတယ်။

**မေး**။ ယခုအချိန် Online လိမ်ညာနေတဲ့အဖွဲ့ ဘယ်နှဖွဲ့လောက် ဖမ်းဆီးထားလဲ။ တရုတ်နိုင်ငံက ထိခိုက်သူတွေအပေါ်ကို ဘယ်လိုဆောင်ရွက်ပေးဖို့ ရှိပါသလဲ။

**ဖြေ**။ “ဝ”နဲ့ မိုင်းလား၊ ကိုးကန့်နယ်မြေတွေမှာ ဖမ်းဆီးရမိခဲ့တာ ဖြစ်ပါတယ်။ အဆိုပါ ဒေသများဟာ အထူးဒေသများ ဖြစ်ပါတယ်။ “ဝ”နဲ့ မိုင်းလားဒေသဟာ ကျွန်တော်တို့ အစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာ မရှိတာကြောင့် တရုတ်နိုင်ငံဘက်မှ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ကိုးကန့်ဒေသကတော့ ကျွန်တော်တို့ ထိန်းချုပ်မှုအောက်မှာရှိလို့ ဖမ်းဆီးရမိတာတွေကို တရုတ်နိုင်ငံဘက်ကို ပို့ဆောင်ပေးလျက်ရှိပါတယ်။ “ဝ”နဲ့ မိုင်းလား ဒေသဟာ တရုတ်အစိုးရနဲ့ တိုက်ရိုက်ချိတ်ဆက်ပြီး ဆောင်ရွက်တာဖြစ်တဲ့အတွက် ငွေကြေးပမာဏ ဘယ်လောက်လဲဆိုတာတော့ ကျွန်တော်မသိပါဘူး။

**မေး**။ အခုထပ်ပြီး ဘယ်နှနေရာရှိပါသလဲ။ နှိမ်နင်းဖို့ ဘယ်လောက်ကြာမယ်ဆိုတာကို တရုတ်ပြည်သူတွေက အရေးတကြီး သိချင်နေပါတယ်။

**ဖြေ**။ တရုတ်နိုင်ငံက အထူးကိုယ်စားလှယ် လာရောက်ချိန်မှာ ဒီနှစ်အကုန် အမြစ်ပြတ် ချေမှုန်းဖို့ သန္နိဋ္ဌာန်ချထားပါတယ်။ Online လောင်းကစားနဲ့ လိမ်လည်မှုဟာ ဒီမှာနှိမ်နင်းပြီးရင်လည်း ဘယ်ကိုရွှေ့ပြောင်းသွားမလဲဆိုတာ ခန့်မှန်းလို့မရပါဘူး။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံပူးပေါင်းပြီး လုပ်ဆောင်လို့ရတဲ့နေရာတွေမှာ ပူးပေါင်းစစ်ဆင်ရေးတွေ ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။

**မေး**။ အများဆုံး ဖမ်းဆီးရမိတဲ့ ဖူအာမြို့ဘက်က ရဲတွေက ၂၃၀၀ ကျော်ဖမ်းဆီးရမိပြီး လူတစ်ရာကျော်က ထွက်ပြေးနေတယ်လို့ သိရပါတယ်။ အစိုးရက ပါဝင်ပတ်သက်ခဲ့ပါသလား။ ဘယ်လို နှိမ်နင်းခဲ့ပါသလဲ။

**ဖြေ**။ “ဝ”နဲ့ မိုင်းလားဟာ အစိုးရရဲ့ ကွပ်ကဲမှုအောက်က လွတ်မြောက်နေပြီး အထူးဒေသဖြစ်တာကြောင့် သူတို့ဟာ သူတို့ရဲ့ လက်နက်ကိုင်တပ်တွေနဲ့ သူတို့နေတာ ဖြစ်ပါတယ်။ မြန်မာနိုင်ငံနဲ့ တရုတ်နိုင်ငံအတွက် လောင်းကစားထက်ပိုပြီး ပြဿနာကြီးတာ ဖြစ်ပါတယ်။ “ဝ”နဲ့ မိုင်းလားဘက်မှာ မြန်မာအစိုးရရဲ့ နိုင်ငံ့ဝန်ထမ်း တစ်ဦးမှ မရှိပါဘူး။ “ဝ”နဲ့ မိုင်းလားမှာ တရုတ်စကားပြောတတ်သူသာ များပြီး မြန်မာစကားပြောတတ်သူ ရှားပါတယ်။ တရုတ်ယွမ်ငွေကိုသာ အသုံးပြုပြီး မြန်မာကျပ်ငွေ မသုံးတာလည်း သိပါတယ်။ အဲဒီ အခြေအနေကို တရုတ်အစိုးရက သိမယ်ထင်ပါတယ်။ “ဝ”နဲ့ မိုင်းလားဘက်ကို တရုတ်စကားမတတ်ဘဲ ဝင်လို့မရပါဘူး။ UWSA နဲ့ မိုင်းလား လက်နက်ကိုင်အဖွဲ့တွေ ပါဝင်နေပါတယ်။ နောက်တစ်ခုက တရုတ်နိုင်ငံထဲက ဖူအာနဲ့ကူမင်းမြို့ပေါ်မှာ “ဝ”နဲ့ မိုင်းလား ခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုတွေရှိပါတယ်။ မေးကြည့်ရင်သိနိုင်ပါတယ်။

**မေး**။ ဒီမှာရှိနေတဲ့ လိမ်ညာမှုတွေထဲမှာ တိုင်းရင်းသား အကြမ်းဖက်တွေရော ပါလား။ သူတို့ထောက်ခံအားပေးတဲ့သူတွေ ပါလား။ မြန်မာအစိုးရရောပါလား။

**ဖြေ**။ “ဝ”နဲ့ မိုင်းလားကိစ္စမှာ မြန်မာအစိုးရက ပါဝင်မှု မရှိပါဘူး။ “ဝ”နဲ့ မိုင်းလား လက်နက်ကိုင်အဖွဲ့ဆိုတာ အပစ်ရပ်ထားတာကြောင့် တပ်ကဝင်လို့မရပါဘူး။ တပ်က ဝင်တာနဲ့ တိုက်ပွဲဖြစ်ပြီး ငြိမ်းချမ်းရေးပျက်စီးသွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် တပ်အနေနဲ့ ဝင်ရောက်ခြင်းမပြုတာ ဖြစ်ပါတယ်။ ခင်ဗျားအနေနဲ့ Online လောင်းကစားကို ကြီးကျယ်တဲ့ကိစ္စလို့ထင်တာလား။ အရင်က “ဝ”နဲ့ မိုင်းလားဒေသမှာ မူးယစ်ဆေးဝါး စိုက်ပျိုးခဲ့တာကြောင့် ၁၉၉၀–၁၉၉၁ ခုနှစ်မှာ အမေရိကန်က “ဝ”ခေါင်းဆောင်တွေ အားလုံးနီးပါးကို DEA ရဲ့ မူးယစ်ဆေးတရားခံတွေအဖြစ် ကမ္ဘာသိကြေညာခဲ့ပါတယ်။ အဲဒီဒေသမှာ ဗကပတွေ ကြီးစိုးခဲ့တဲ့ဒေသဖြစ်ပြီး ဘိန်းစိုက်ပျိုးမှုတွေ ရှိခဲ့ပါတယ်။ အဲဒီနောက်မှာ ခွဲထွက်ပြီး မြန်မာအစိုးရနဲ့ ငြိမ်းချမ်းရေးရယူကာ အထူးဒေသအဖြစ် ဆောင်ရွက်နေတာဖြစ်ပါတယ်။ သူတို့ဟာ မြန်မာတိုင်းရင်းသားများသာ ဖြစ်ပါတယ်။ သို့သော် အစိုးရရဲ့ထိန်းချုပ်မှုအောက်မှ လွတ်နေပါတယ်။ မြန်မာအစိုးရရဲ့ ထိန်းချုပ်မှုအောက်မှာရှိတဲ့ “ဝ” နယ်မြေနဲ့ UWSA ရဲ့ “ဝ” နယ်မြေဆိုတာ ရှိပါတယ်။ ဒီပြဿနာတွေမဖြစ်ခင် ဘိန်းဖြူပြဿနာဖြစ်ခဲ့ပါတယ်။ တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံတို့က ဘိန်းပပျောက်ရေးအတွက် ဖိအားပေးခဲ့တာကြောင့် ဘိန်းပပျောက်ပြီး ရာမ ရူးသွပ်ဆေးပြားများ ထွက်ပေါ်လာခဲ့ပါတယ်။ အဲဒါကိုလည်း မြန်မာနဲ့ တရုတ်ပူးပေါင်းပြီး နှိမ်နင်းခဲ့ရပါတယ်။ ယခုတတိယအကြိမ်ကတော့ Online လိမ်ညာမှု ထွက်ပေါ်လာခြင်းဖြစ်ပါတယ်။ ကျွန်တော်တို့ရဲ့ တိုင်းရင်းသားတွေဖြစ်တာကြောင့် “ဝ”နဲ့ မိုင်းလား ခေါင်းဆောင်တွေနဲ့ ငြိမ်းချမ်းရေးစကား ပြောကြားနေပါတယ်။ “ဝ” နဲ့ မိုင်းလား ခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုက မြန်မာဘက်မှာ မရှိပါဘူး။ တရုတ်ဘက်မှာပဲ ရှိပါတယ်။ ဒါကို တရုတ်ပြည်သူတွေကိုလည်း သိစေချင်ပါတယ်။ အဖြစ်မှန်က ခင်ဗျားပြောတဲ့ Online လောင်းကစားကရတဲ့ ငွေဘယ်ရောက်လဲဆိုတာက သူတို့လက်ထဲမှာပဲ ရှိနိုင်ပါတယ်။ “ဝ”ခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှုကို တရုတ်နိုင်ငံ ဖူအာမြို့မှာရှိတဲ့ ပြည်သူတွေကို မေးကြည့်ရင်သိပါတယ်။

*စာမျက်နှာ ၁၅ သို့*

❖ မြန်မာနိုင်ငံရဲ့ မူဝါဒကတော့ မြန်မာ့မြေကိုသုံးပြီး အိမ်နီးချင်းနိုင်ငံများရဲ့ အကျိုးစီးပွားကို ထိခိုက်စေမယ့်လုပ်ငန်းမျိုး၊ အဖျက်အမှောင့်လုပ်ငန်းမျိုး၊ မီဒီယာကနေ ဝါဒဖြန့်တာမျိုး၊ လိမ်လည်လောင်းကစားခြင်းမျိုးတွေကို လုံးဝလက်မခံဘဲ တိုက်ဖျက်သွားမှာ ဖြစ်ပါတယ်

❖ Online လောင်းကစား လိမ်လည်မှုတွေနဲ့ ပတ်သက်ပြီး တရုတ်နိုင်ငံနဲ့ မြန်မာနိုင်ငံပူးပေါင်းပြီး အမြစ်ပြတ်အောင်လုပ်မယ်လို့ ကျွန်တော်တို့ သန္နိဋ္ဌာန်ချထားပါတယ်

# ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်လ်ပင်)ဝန်ထမ်းမိသားစု၏ (၂၉)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကျင်းပ

**ရန်ကုန် အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး ပြည်ထောင်စုရိပ်သာလမ်းရှိ ရန်ကုန်ကလေးဆေးရုံကြီး(ဟယ်လ်ပင်)ရှိ ဝန်ထမ်းမိသားစု၏ (၂၉)ကြိမ်မြောက် ဆွမ်းသိမ်းအောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပူဇော်ပွဲကို အောက်တိုဘာ ၂၉ ရက် (အဘိဓမ္မာအခါတော်နေ့)က အဆိုပါဆေးရုံဝင်းအတွင်း၌ ကျင်းပသည်။

ရှေးဦးစွာ နံနက်ပိုင်း၌ ဆေးရုံဝင်းအတွင်းရှိ စုပေါင်းဓမ္မာရုံ၌ ဆေးရုံအုပ်ကြီး ဒေါက်တာအောင်ထွန်းဦး အမှူးပြုသော ဆေးရုံကြီးဝင်းအတွင်းရှိ ဆရာဝန်၊ ဆရာမများနှင့် ဝန်ထမ်းမိသားစုများက မနာပဒါယီကိုရီးယားဆရာတော် အရှင်ဝိစိတ္တ အမှူးပြုသော သံဃာတော်အရှင်သူမြတ်များထံမှ သီလခံယူခြင်း၊ လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းချအမျှပေးဝေကြပြီး သံဃာတော်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။



မွန်းလွဲပိုင်းတွင် တနင်္ဂနွေနေ့တိုင်း ဆေးရုံကြီးအနီးပတ်ဝန်းကျင်ရှိ ဝါတွင်းကာလအတွင်း စာသင်/စာချ၊ ဝါဆို/ဝါကပ်တော်မူကြသည့် ပင့်လျှောက်ထားသော စာသင်တိုက်ခုနစ်တိုက်မှ ဆရာတော်သံဃာတော်များ၊ ရဟန်း၊ သာမဏေများအား ကလေးဆေးရုံကြီးရှိ ဝန်ထမ်းမိသားစုများက ဆွမ်းဆန်နှင့် လှူဖွယ်ပစ္စည်းများ လောင်းလှူကြသည်။ **(အပေါ်ပုံ)**

ယင်းနောက် ညနေပိုင်းတွင် အလှူရှင်များက ထမင်းနှင့် ဟင်းစတုဒိသာများ ကျွေးမွေးလှူဒါန်းခဲ့ကြသည်။

ဟယ်လ်ပင် ကလေးဆေးရုံကြီး၌ ဝါတွင်းကာလသုံးလအတွင်း ဆေးရုံအနီးပတ်ဝန်းကျင်ရှိ စာသင်တိုက်များအား အပတ်စဉ် တနင်္ဂနွေနေ့တိုင်း ဆွမ်း/ဆွမ်းဟင်း၊ လှူဖွယ်ဝတ္ထုများ စုပေါင်းလှူဒါန်းခြင်း၊ အဖိတ်နေ့ညနေတိုင်း ဝတ်ရွတ်စဉ်အဖွဲ့များသတ်မှတ်၍ စုပေါင်း၍ ဝတ်ရွတ်ခြင်း၊ မေတ္တာပို့ခြင်း၊ ပဋ္ဌာန်းဒေသနာတော်များ ရွတ်ဖတ်ခြင်း၊ ဥပုသ်နေ့များတွင် စုပေါင်းလှူဒါန်း၍ သီလခံယူကျင့်သုံးခြင်းတို့အား အစဉ်တစိုက်ဆောင်ရွက်ခဲ့ကြောင်း သိရပြီး ဝါတွင်းကာလ ဆွမ်းလောင်းလှူပွဲနှင့် အဘိဓမ္မာအခါတော်နေ့ ဆွမ်းသိမ်းပွဲအား ရန်ကုန်မြို့ ကလေးဆေးရုံကြီး ဟယ်လ်ပင်တွင် အစဉ်အလာမပျက် ကျင်းပလျက်ရှိကြောင်း သိရသည်။

**သက်ထက်**

---

*စာမျက်နှာ ၁၄ မှ*

ဒါ့ကြောင့် “ဝ”တွေကို တရုတ်အစိုးရက ပံ့ပိုးပေးထားတယ်။ ဘိန်းစိုက်တယ်လို့ အမေရိကန်က စွပ်စွဲတာပဲဖြစ်ပါတယ်။ အဲဒီနယ်ထဲမှာ(တစ်) ဘိန်းဖြူ၊ (နှစ်) WY ဆေးပြား၊ (သုံး) Online လိမ်လည်မှုတွေဖြစ်ခဲ့ပါတယ်။ ဘာလို့သမိုင်းကြောင်းကို ပြန်ပြောလည်းဆိုရင် တရုတ်နိုင်ငံသူ နိုင်ငံသားတွေသိဖို့ လိုအပ်လို့ပါ။ Online လိမ်လည်မှုကနေရတဲ့ ငွေကြေးတွေဘယ်ရောက်နေလဲဆိုရင် “ဝ”နဲ့ မိုင်းလားခေါင်းဆောင်တွေရဲ့ ပိုင်ဆိုင်မှု မြန်မာနိုင်ငံထဲမှာ မရှိပါဘူး။ အိမ်၊ မြေကွက်၊ ကုမ္ပဏီဘယ်လောက်ရှိလဲဆိုတာ ဖူးအာနဲ့ ကူမင်းမှာရှိတဲ့ ပြည်သူတွေကိုမေးကြည့်ရင် ပေါ်လာပါလိမ့်မယ်။

**မေး။** မြန်မာအစိုးရအနေနဲ့ တရုတ်အစိုးရနဲ့ပေါင်းပြီး ဒီ “ဝ”နဲ့ မိုင်းလားဒေသကို ဖြေရှင်းဖို့ ဘယ်လိုစီစဉ်ထားလဲ။

**ဖြေ။** “ဝ”နဲ့ မိုင်းလားကို (တစ်) တရားဥပဒေနဲ့အညီနေထိုင်ဖို့၊ (နှစ်) တရားဝင်တဲ့ စီးပွားရေးလုပ်ငန်းတွေသာ လုပ်ကိုင်ဖို့၊ (သုံး) အဲဒီဒေသအတွင်း မြန်မာနိုင်ငံရဲ့ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဖြစ်တဲ့ ရဲ၊ လဝက၊ အကောက်ခွန်တို့ပေးဝင်ဖို့ တရုတ်နဲ့ မြန်မာနှစ်နိုင်ငံပေါင်းပြီး ဖိအားပေးရမှာဖြစ်ပါတယ်။

**မေး။** အခုလို ပူးပေါင်းဆောင်ရွက်ဖြေရှင်းတယ်ဆိုတာ ကောင်းပါတယ်။ မြန်မာအစိုးရကသူတွေ ဒီ Online လိမ်လည်မှုမှာ မပါဝင်ဘူးဆိုရင် ဘယ်သူတွေက ပါဝင်နေလဲ။

**ဖြေ။** အဓိက ကတော့ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တွေအနေနဲ့ Online လိမ်လည်တဲ့သူတွေကို ကာကွယ်ပေးနေတာ ဖြစ်ပါတယ်။ အဲဒီတိုင်းရင်းသားလက်နက်ကိုင် အဖွဲ့တွေကိုလည်း ပါဝင်ပတ်သက်ခြင်းမပြုဖို့ သတိပေးထားပြီးဖြစ်ပါတယ်။ အစိုးရဝန်ထမ်းများအနေနဲ့ လာဘ်ပေးလာဘ်ယူမှုများ ရှိနိုင်ပါတယ်။ ရှိခဲ့ရင်လည်း ပြင်းပြင်းထန်ထန်အရေးယူဖို့ ဆောင်ရွက်နေပါတယ်။

**မေး။** တကယ်လို့များ မြန်မာဝန်ထမ်းတွေ ပါဝင်ရင် ဘယ်လိုဥပဒေအရ ဖြေရှင်းပေးမှာလဲ။

**ဖြေ။** Online၊ လောင်းကစားဥပဒေများ ရှိပြီးဖြစ်တဲ့အတွက် ပြင်းပြင်းထန်ထန် အရေးယူမှာဖြစ်ပါတယ်။ တရုတ်နိုင်ငံက အထူးကိုယ်စားလှယ်နဲ့ တွေ့ဆုံစဉ် နှစ်နိုင်ငံပူးပေါင်းကာ အမြစ်ပြတ်ဆောင်ရွက်မယ်လို့ ပြောထားပြီးဖြစ်ပါတယ်။

**မေး။** အခု “ဝ”နှစ်ယောက်ကို ဖမ်းဝရမ်း ထုတ်ပြန်တာ မြန်မာဘက်က သိပါသလား။

**ဖြေ။** “ဝ”ဒေသက UWSA အဖွဲ့ဝင် ဖြစ်ပါတယ်။ “ဝ” ဒေသမှာ အုပ်ချုပ်နေတဲ့ အစိုးရအဖွဲ့ဝင်လည်း ဖြစ်ပါတယ်။ တရုတ်နိုင်ငံကရော မြန်မာနိုင်ငံကပါ ဖမ်းဝရမ်းထုတ်ထားပြီးဖြစ်ပါတယ်။ သူတို့အနေနဲ့ မြန်မာနိုင်ငံထဲကို ဝင်လာစရာမရှိဘဲ အလုံခြုံဆုံးက သူတို့နယ်မြေပဲဖြစ်ပါတယ်။ ဒါ့ကြောင့် သူတို့နယ်မြေထဲမှာပဲ နေချင်ရင်နေ၊ ပြေးမယ်ဆိုရင်လည်း ပြည်ပနိုင်ငံဘက်ကို ထွက်ပြေးဖို့ပဲ ရှိပါတယ်။ တရုတ်နိုင်ငံဘက်မှ ဖိအားပေးနေပြီး မြန်မာနိုင်ငံဘက်မှ ဖမ်းဆီးရမိပါက တရုတ်နိုင်ငံနဲ့ ပူးပေါင်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**မေး။** အဲဒီနှစ်ယောက်က မြန်မာ-တရုတ် ဖမ်းဝရမ်းထုတ်ထားကြောင်းသိရပါတယ်။ ဘယ်ကိုသွားမယ်လို့ ထင်ပါသလဲ။ သူတို့ရဲ့လားရာနဲ့ သဲလွန်စတွေရော ဘာတွေ သိထားပါသလဲ။

**ဖြေ။** သူတို့ “ဝ”နယ်မြေထဲက ထွက်သွားတဲ့အထောက်အထား မရှိသေးပါဘူး။

**မေး။** ဒီနှစ်ယောက်က တရုတ်နိုင်ငံသားလည်းဖြစ်ပြီး မြန်မာနိုင်ငံသားလည်း ဖြစ်နေပါတယ်။ မြန်မာနိုင်ငံမှာ နှစ်နိုင်ငံသားဖြစ်လို့ ရပါသလား။

**ဖြေ။** တရုတ်နိုင်ငံမှာရော နှစ်နိုင်ငံသား ဖြစ်လို့ရလားလို့ မေးချင်ပါတယ်။ အဲဒါက ကျွန်တော်တို့ နှစ်နိုင်ငံရဲ့ ပြဿနာဖြစ်ပါတယ်။ Online လိမ်ညာမှုရဲ့ နောက်ကွယ်က နက်ရှိုင်းတဲ့ ပြဿနာဖြစ်ပါတယ်။ ၁၉၉၀ ပြည့်နှစ်မှာ ဘိန်းဖြူပြဿနာ၊ ၂၀၀၀ ပြည့်နှစ် မှာ WY ဆေးပြားပြဿနာ၊ ၂၀၂၀ မှာ Online ပြဿနာဆိုပြီး ကိစ္စ သုံးခုဖြစ်ခဲ့ပါတယ်။ အဲဒီနယ်မြေမှာ တရားဥပဒေစိုးမိုးရေးမလုပ်နိုင်ရင် ဒီလိုပြဿနာတွေ ဆက်ဖြစ်နေမှာပဲ ဖြစ်ပါတယ်။ ဘိန်းဖြူနဲ့ WY ပြဿနာကို တရုတ်ပြည်သူတွေ မသိခဲ့ပါဘူး။ ဘာလို့လဲဆိုတော့ သူတို့က ဘိန်းဖြူနဲ့ WY ဆေးပြားကို တရုတ်ဘက်ကို မသွင်းရဲဘဲ လာအိုနဲ့ ထိုင်းနိုင်ငံကတစ်ဆင့် အခြားနေရာတွေကို ဖြန့်တာဖြစ်ပါတယ်။ အဲဒီအဖွဲ့တွေရဲ့ စီးပွားရေးအရင်းအမြစ်ဟာ တရားမဝင်လုပ်ငန်းတွေကနေရခြင်းဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာဖြစ်မှသာ တရုတ်လူမျိုးအများစုအလိမ်ခံရတာကြောင့် တရုတ်က စတင်ခံစားရတာဖြစ်ပါတယ်။ Online လိမ်ညာမှုပြဿနာကို ဖြေရှင်းရုံနဲ့ ပြီးသွားမှာ မဟုတ်ပါဘူး။ နံပါတ်တစ် အဲဒီနယ်မြေမှာ တရားဥပဒေစိုးမိုးမှုရှိအောင် လုပ်ရမှာဖြစ်ပါတယ်။ ဒါကို နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်ရမှာဖြစ်ပါတယ်။ နံပါတ်နှစ်အနေနဲ့ ရဲ၊ အကောက်ခွန်၊ လူဝင်မှုကြီးကြပ်ရေးအဖွဲ့တွေကို နှစ်နိုင်ငံအစိုးရက ဝင်ခွင့်ရအောင်လုပ်နိုင်မှသာ ဒီပြဿနာကို ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။

**မေး။** ပူးပေါင်းစစ်ဆင်ရေးစခန်း ဖွင့်ထားပါသလား။ အဲဒီအခြေအနေကို သိချင်ပါတယ်။

**ဖြေ။** မြန်မာနိုင်ငံမြောက်ပိုင်းမှာ ပူးပေါင်းစစ်ဆင်ရေးစခန်းဖွင့်ထားတာ မရှိပါဘူး။ တရုတ်နဲ့ မြန်မာနိုင်ငံအစိုးရ၊ ရဲတပ်ဖွဲ့တွေရဲ့ ဆက်သွယ်ဆက်ဆံမှုကတော့ စဉ်ဆက်မပြတ်ရှိပါတယ်။ ဒီကိစ္စဟာ တရုတ်ပြည်သူတွေသာမက မြန်မာပြည်သူတွေပါ နစ်နာပြီး မြန်မာနိုင်ငံရဲ့ သိက္ခာလည်းကျရပါတယ်။ သို့သော် သတိပြုရမှာက Online လိမ်ညာမှုကိစ္စကို ဖြေရှင်းရုံနဲ့ ဒီလိုကိစ္စတွေပြီးသွားမှာ မဟုတ်ပါဘူး။ သမိုင်းကြောင်းကို သိရမယ်၊ အရင်းအမြစ်ကိုသိရမယ်၊ ပြဿနာဖြစ်စေတဲ့ အရင်းအမြစ်ကိုသိပြီး နှစ်နိုင်ငံပူးပေါင်းဖြေရှင်းရမှာဖြစ်ပါတယ်။

**မေး။** အခုလိုသေချာရှင်းပြပေးတာ ကျေးဇူးတင်ပါတယ်။ အဲဒီအတွက် အခက်အခဲ ပြဿနာက ဘာရှိသလဲ။

**ဖြေ။** “ဝ”နဲ့ မိုင်းလားနယ်မြေထဲ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေဝင်ရောက်ဖို့ပဲ ဖြစ်ပါတယ်။ သူတို့နေရာမှာ ရဲ၊ လဝက စတဲ့ အဖွဲ့တွေ အဝင်မခံပါဘူး။ ကျွန်တော်တို့ နှစ်နိုင်ငံအနေနဲ့ ဒီအတိုင်းလွှတ်ပေးထားရင် လာမယ့်နှစ်တွေမှာလည်း အခြားပြဿနာများ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။ သူတို့ကြောင့် မြန်မာနဲ့ တရုတ်ပြည်သူတွေကြား အထင်မှားမှုတွေ ဆက်ဖြစ်နေမှာဖြစ်ပါတယ်။

**မေး။** အခုလိုမျိုး ဖြေရှင်းပြီးရင် ဒေသခံပြည်သူတွေ စားဝတ်နေရေး ဘယ်လိုရှင်သန်မလဲ၊ ဘယ်လိုနည်းလမ်းတွေရှိပါသလဲ။

**ဖြေ။** အဲဒီဒေသက သာမန်ပြည်သူလူထုဟာ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းပဲ လုပ်ပါတယ်။ “ဝ” တောင်ပိုင်းမှာ ရော်ဘာလုပ်ငန်းအဓိကလုပ်ပါတယ်။ “ဝ” နဲ့ မိုင်းလားပြည်သူတွေက စိုက်ပျိုးရေးလုပ်ငန်းနဲ့ စီးပွားရေးအခွင့်အလမ်းရှိပြီးဖြစ်တာကြောင့် စိတ်ပူစရာမလိုပါဘူး။ သာမန်ပြည်သူတွေအနေနဲ့ Online လိမ်လည်မှုနဲ့ မပတ်သက်ဘဲ ခေါင်းဆောင်ပိုင်းကသာ ပတ်သက်နေတာဖြစ်ပါတယ်။ ထွက်ပြေးနေတဲ့သူတွေဟာ “ဝ” လက်နက်ကိုင်အဖွဲ့က ခေါင်းဆောင်တွေဖြစ်ပါတယ်။ “ဝ” အကြီးအကဲ ပေါက်ယူချန်းနဲ့ဆွေမျိုးတော်တဲ့သူလည်း ဖြစ်ပါတယ်။ “ဝ”အစိုးရအဖွဲ့ထဲမှာ ပါဝင်တဲ့သူဖြစ်ပါတယ်။ ဒါဆိုရင်ခင်ဗျားတို့ ရိပ်မိမှာဖြစ်ပါတယ်။ Online လိမ်ညာမှုတွေကို သာမန်ပြည်သူတွေက မလုပ်နိုင်ဘဲ ဘယ်ကရောက်လာတာလဲ၊ ဘယ်သူတွေ အကာအကွယ်ပေးနေလဲဆိုတာ သိနိုင်မယ်ထင်ပါတယ်။

**မေး။** အခု ဒီပူးပေါင်းစစ်ဆင်ရေးလုပ်တဲ့အခါမှာ တရုတ်က အကျိုးရှိရှိ လုပ်ဆောင်မယ်ထင်ပါသလား။

**ဖြေ။** ဒီကိစ္စနဲ့ပတ်သက်ပြီး တရုတ်နိုင်ငံက တာဝန်ရှိသူတွေနဲ့တွေ့ဆုံခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်နဲ့သာမက ရဲချုပ်၊ ပြည်ထဲရေးဝန်ကြီးတို့နဲ့လည်း တွေ့ပြီးဖြစ်ပါတယ်။ တရုတ်အစိုးရရဲ့ ထောက်ပံ့ကူညီမှုအများကြီးရခဲ့ပါတယ်။ တရုတ်နိုင်ငံဘက်ကလည်း မြန်မာအစိုးရရဲ့ပူးပေါင်းမှုကို အားရမှုရှိပါတယ်။ တရုတ်အစိုးရအနေနဲ့ ဒီကိစ္စကို တရုတ်ပြည်သူတွေ နစ်နာမှုရှိလို့ တရုတ်အစိုးရက အရေးကြီးကိစ္စအဖြစ် ဆောင်ရွက်လျက်ရှိပါတယ်။ မြန်မာနိုင်ငံအနေနဲ့ မြန်မာပြည်သူတွေနစ်နာမှုရှိသလို သိက္ခာလည်းကျတာဖြစ်လို့ တရုတ်အစိုးရနဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီဟာတွေ လုပ်ဆောင်တာဟာ သာမန်တရုတ်၊ မြန်မာပြည်သူတွေ မဟုတ်ပါဘူး။ တရုတ်နဲ့ နိုင်ငံတကာမှာ ရာဇဝတ်မှုဖြစ်ပြီး တိမ်းရှောင်ထွက်ပြေးနေရတဲ့ လောင်းကစားလုပ်နေတဲ့သူတွေက ဦးဆောင်နေတာဖြစ်ပါတယ်။ မြန်မာနိုင်ငံထဲက အပြစ်ရှိတဲ့သူလည်းရှိတယ်၊ တရုတ်နိုင်ငံထဲက အပြစ်ရှိတဲ့ သူလည်းရှိတယ်။ **တရုတ်တွေက မြန်မာတွေကို လိမ်တာ မဟုတ်သလို မြန်မာတွေက တရုတ်ကို လိမ်တာလည်းမဟုတ်ပါဘူး။ ရာဇဝတ်မှုကျူးလွန်ထားပြီး အပြစ်ရှိတဲ့ ပြည်ပြေးလူတစ်စုက ကျွန်တော်တို့ နှစ်နိုင်ငံလုံးကို လိမ်နေတာဖြစ်ပါတယ်။** အပြစ်ရှိတဲ့သူတွေကို ဖော်ထုတ်အရေးယူရမှာဖြစ်ပါတယ်။ အကာအကွယ်ပေးသူတွေကိုလည်း အရေးယူရမှာဖြစ်ပါတယ်။ နှစ်နိုင်ငံနယ်စပ်မှာရှိတဲ့ ပြဿနာဖြစ်နိုင်တဲ့ နယ်မြေတွေကို တရားဥပဒေစိုးမိုးအောင် ဆောင်ရွက်ရပါမယ်။ ဒါမှ နှစ်နိုင်ငံရဲ့ ရေရှည်ချစ်ကြည်ရေး ခိုင်ခံ့မှာဖြစ်ပါတယ်။

**မေး။** အခုနှစ်နိုင်ငံက အစည်းအဝေးလုပ်ပြီး ဖြေရှင်းနေတယ်ဆိုတော့ ဘယ်လိုနည်းလမ်း စီမံချက်တွေနဲ့ဆောင်ရွက်နေပါသလဲ။

**ဖြေ။** (တစ်)နှစ်နိုင်ငံ သတင်းအချက်အလက်ဖလှယ်တာရှိပါတယ်။ (နှစ်) နှစ်နိုင်ငံ Online စောင့်ကြည့်ရေးအဖွဲ့တွေ ဖွဲ့ပြီး စောင့်ကြည့်နေပါတယ်။ (သုံး) လက်တွေ့ဖမ်းဆီးမှုရှိပါတယ်။ တရုတ်နိုင်ငံက မြန်မာဘက်မှာ သံသယရှိတဲ့စာရင်းပေးရင် လာတဲ့လမ်းကြောင်းစုံစမ်းပြီး လိုက်လံဖမ်းဆီးတာတွေရှိပါတယ်။ အချို့လူတွေက တရားဥပဒေချိုးဖောက်တာ ခိုင်လုံရင် ဖမ်းဆီးပါတယ်။ မခိုင်လုံရင် စောင့်ကြည့်တာ၊ မေးမြန်းတာတွေလုပ်ပါတယ်။ ပေးလို့ရတဲ့ အချက်အလက်တွေ အပြန်အလှန်ပေးပို့ပြီး တိုက်ဆိုင်စစ်ဆေးတာရှိပါတယ်။ ဒီသတင်းအချက်အလက်တွေကိုကြည့်ပြီး နှစ်နိုင်ငံဘာဆက်လုပ်ရမလဲဆိုတာ ဆွေးနွေးတာရှိပါတယ်။ အဲဒီအပေါ်မူတည်ပြီး နှိမ်နင်းဖမ်းဆီးတာတွေ ဆောင်ရွက်ပါတယ်။

**မေး။** အဲဒါဆိုရင် ကွင်းဆင်းဖမ်းဆီးဖို့ ရှိပါသလား။

**ဖြေ။** အဲဒါကို ကျွန်တော်ပြောခဲ့ပြီးဖြစ်ပါတယ်။ ဒီနယ်မြေကို ဒီကိစ္စတစ်ခုပဲ ကုသလို့မဖြစ်ဘူး။ တရားဥပဒေစိုးမိုးရေးအဖွဲ့တွေ ဝင်ရောက်ဖို့လိုအပ်ပါတယ်။

**မေး။** အခုထိ ဝင်လို့မရသေးဘူးပေါ့။

**ဖြေ။** မှန်ပါတယ်။

**မေး။** အဲဒီကို သွားမယ်ဆိုရင် မြန်မာအစိုးရနဲ့ ဒေသခံတွေ တိုက်ပွဲတွေရှိနိုင်ပါသလား။

**ဖြေ။** မှန်ပါတယ်။ ဒါကြောင့် တရုတ်-မြန်မာပူးပေါင်းပြီး တရားဥပဒေစိုးမိုးရေးဝင်ဖို့ လိုမယ်လို့ ပြောခြင်းဖြစ်ပါတယ်။

**Phoenix Media ။** ကျေးဇူးတင်ပါတယ်။ အခုလိုရှင်းပြပေးတာ။

အထက်ပါ တွေ့ဆုံမေးမြန်းမှုအပြည့်အစုံအား Phoenix New Media တွင်လည်း ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရှိရပါသည်။

# ကမ္ဘာ့မြို့ကြီးများနေ့

မိုးမိုးလှိုင်မြင့်(မြို့ပြ)

**ကမ္ဘာ့မြို့ကြီးများနေ့ကို ၂၀၁၄ ခုနှစ် အောက်တိုဘာ ၃၁ ရက်မှစတင်၍ ကမ္ဘာ့မြို့ကြီးအသီးသီးတွင် နှစ်စဉ်ကျင်းပလာခဲ့သည်မှာ ယခု ၂၀၂၃ ခုနှစ်ဆိုလျှင် ဆယ်စုနှစ်တစ်စုသို့ ရောက်ရှိလာပြီဖြစ်သည်။ ကမ္ဘာ့မြို့ကြီးများနေ့၏ ဆောင်ပုဒ်မှာ "ကောင်းမွန်သောမြို့၊ ကောင်းမွန်သောဘဝ" ဖြစ်ပြီး ကျင်းပရခြင်း၏ ရည်ရွယ်ချက်မှာ ကမ္ဘာလုံးဆိုင်ရာ မြို့ပြအသွင်ကူးပြောင်းခြင်းတွင် နိုင်ငံတကာအသိုက်အဝန်း၏ စိတ်ဝင်စားမှုကို မြှင့်တင်ရန်၊ အခွင့်အလမ်းများနှင့် မြို့ပြဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာစိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရာတွင် နိုင်ငံများနှင့် မြို့များအကြား ပူးပေါင်းဆောင်ရွက်မှုကို မြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူပြုရန်ဖြစ်သည်။**

**၁၀ နှစ်ပြည့် ကမ္ဘာ့မြို့ကြီးများနေ့**

ကမ္ဘာ့မြို့ကြီးများနေ့ကို ၂၀၁၄ ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌ လည်းကောင်း၊ ၂၀၁၅ ခုနှစ်တွင် အီတလီနိုင်ငံ မီလန်မြို့၌လည်းကောင်း၊၂၀၁၆ ခုနှစ်တွင် အီကွေဒေါနိုင်ငံ ကီတိုမြို့၌ လည်းကောင်း၊ ၂၀၁၇ ခုနှစ်တွင် တရုတ်နိုင်ငံ ကွမ်ကျိုး၌ လည်းကောင်း၊ ၂၀၁၈ ခုနှစ်တွင် ဗြိတိန်နိုင်ငံ လီဗာပူး၌ လည်းကောင်း၊၂၀၁၉ ခုနှစ်တွင် ရုရှားနိုင်ငံ ယေခါထရင်းဘာ့ဂ်၌ လည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် ကင်ညာနိုင်ငံ နာခုရုမြို့၌ လည်းကောင်း၊ ၂၀၂၁ ခုနှစ်တွင် အီဂျစ်နိုင်ငံ လူဇွာမြို့၌ လည်းကောင်း၊ ယခင်နှစ် ၂၀၂၂ခုနှစ်တွင် တရုတ်နိုင်ငံ ရှန်ဟိုင်းမြို့၌လည်းကောင်း ခေတ်ကာလအခြေအနေကို ထင်ဟပ်စေသော ဆောင်ပုဒ်ခွဲများချမှတ်၍ နှစ်စဉ်ဆွေးနွေးပွဲများနှင့်အတူ ကျင်းပပြုလုပ်ခဲ့ကြသည်။ အဆိုပါနေ့တွင် ဆွေးနွေးကြသည့် ခေါင်းစဉ်များသည် အထူးသဖြင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်-၁၁ ဖြစ်သော "To make cities Inclusive, safe, resilient and sustainable" ကို အခြေခံ၍ လက်ရှိမြို့ကြီးများ၏ မြို့ပြဖြစ်ထွန်းမှုအခြေအနေ၊ စိန်ခေါ်မှုများနှင့် အောင်မြင်စွာ ကျော်ဖြတ်နိုင်မည့် နည်းလမ်းကောင်းများကို အကျယ်တဝင့် ဆွေးနွေးခဲ့ကြသည်။

**၂၀၂၃ ခုနှစ်၏ ကမ္ဘာ့မြို့ကြီးများနေ့**

၂၀၂၃ ခုနှစ်၏ ကမ္ဘာ့မြို့ကြီးများနေ့ကို တူရကီနိုင်ငံ အစ္စတန်ဘူလ်မြို့၌ အောက်တိုဘာလ ၃၁ ရက်နေ့တွင် ကျင်းပပြုလုပ်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ်အတွက် ကမ္ဘာ့မြို့ကြီးများနေ့၏ အဓိကဆောင်ပုဒ်ဖြစ်သည့် "အားလုံးအတွက် မြို့ပြအနာဂတ်ရေရှည်စဉ်ဆက်မပြတ်တည်တံ့ရေး ဘဏ္ဍာငွေကြေးလျာထားပေး" "Financing Sustainable Urban Future for all" ဟူသော ခေါင်းစဉ်ဖြင့် မြို့ပြစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုပြောင်းလဲတိုးတက်လာစေရေးနှင့် လုံလောက်သည့် ငွေကြေးဆိုင်ရာ လုပ်ပိုင်ခွင့်ရရှိစေရေးကို စကားဝိုင်း ဆွေးနွေးမှုများမှတစ်ဆင့် လေ့လာဆွေးနွေး ဖော်ထုတ်သွားမည်ဖြစ်သည်။

**မြို့ပြဖြစ်ထွန်းခြင်းနှင့် အခြေခံမြို့ပြဝန်ဆောင်မှုအခြေအနေ**

မြို့ကြီးများသည် ကမ္ဘာ့စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားဖြစ်ပြီး ကမ္ဘာ့ GDP ၏ ၈၀ ရာခိုင်နှုန်းကျော်ကို ပေးစွမ်းနိုင်သည်။ ၂၀၅၀ ပြည့်နှစ်တွင် ကမ္ဘာ့လူဦးရေ၏ ၇၀ ရာခိုင်နှုန်းခန့်သည် မြို့ပြများတွင် နေထိုင်လာကြမည်ဟု ခန့်မှန်းထားရာ မြို့ပြများသည် လူသားများ၏အနာဂတ်ဟု ဆိုရပေမည်။ ယနေ့ကမ္ဘာ့မြို့ပြများတွင် လူဦးရေ ၅၆ ရာခိုင်နှုန်းခန့် နေထိုင်လျက်ရှိရာ ၂၀၅၀ ပြည့်နှစ်တွင် ခန့်မှန်းလူဦးရေ နှစ်ဘီလီယံကျော် တိုးပွားလာမည်ဖြစ်၍ လျင်မြန်သည့် မြို့ပြဖြစ်ထွန်းမှုနှင့်အတူ လက်ရှိအခြေခံအဆောက်အအုံ မလုံလောက်မှုများကို ဖြည့်ဆည်းပေးရမည်ဖြစ်သည်။ စွမ်းအင်ထုတ်လုပ်မှု၏ ၇၀ ရာခိုင်နှုန်းကိုလည်း မြို့ကြီးများမှပင် သုံးစွဲနေသည်။ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု၊ ရေနှင့် မိလ္လာစနစ်၊ သယ်ယူပို့ဆောင်ရေးနှင့် ဆက်သွယ်သွားလာမှု၊ စွမ်းအင်စသည့် ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံမှုများ လိုအပ်လာမည်ဖြစ်သည်။ မြို့ကြီးများတွင် လူဦးရေတိုးပွားနေထိုင်လာခြင်းသည် စီးပွားရေးဆိုင်ရာ ကုန်ထုတ်လုပ်မှုများ တိုးတက်စေခြင်း၊ နည်းပညာဆိုင်ရာ ဗဟုသုတများကို ဖလှယ်သုံးစွဲနိုင်ခြင်း၊ အရင်းအမြစ်များကို အကျိုးရှိရှိ တစ်စုတစ်ဝေးတည်း အသုံးပြုနိုင်သည့်အတွက် သဘာဝအရင်းအမြစ်များကို ကာကွယ်ထိန်းသိမ်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများကို ရရှိနိုင်သကဲ့သို့ ဆန့်ကျင်ဘက်ရလဒ်အနေဖြင့် မြို့ပြဆင်းရဲနွမ်းပါးမှု၊ ရာသီဥတုပြောင်းလဲခြင်းနှင့် ပတ်ဝန်းကျင်ညစ်ညမ်းမှုတို့ကိုလည်း ဖြစ်ပေါ်စေနိုင်သည်။

**ဒေသအစိုးရများ၏ တာဝန်ဝတ္တရားများ**


နိုင်ငံများ၏ ဒေသအစိုးရများသည် မြို့ပြနေပြည်သူများ၏ သာယာဝပြောရေးနှင့် ဖွံ့ဖြိုးရေးတို့အတွက် အရေးကြီးသော အခြေခံဝန်ဆောင်မှုများကို ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးရန်ဖြစ်သည်။ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်(SDG-2030) ၁၇ ရပ်သည် ကမ္ဘာလုံးဆိုင်ရာစိန်ခေါ်မှုများကို ဖြေရှင်းပေးနိုင်ရန် ချမှတ်ထားသော မူဝါဒပန်းတိုင်များဖြစ်ပြီး အဆိုပါရည်မှန်းချက်ပန်းတိုင်များသို့ ရောက်ရှိရန်အတွက် ၆၅ ရာခိုင်နှုန်းသော လုပ်ငန်းများမှာ ဒေသအစိုးရများက ဆောင်ရွက်ရမည်ဖြစ်သည်။ လက်ရှိ ကမ္ဘာ့အကျပ်အတည်းများနှင့် အနာဂတ်စိန်ခေါ်မှုများကို ကိုင်တွယ်ဖြေရှင်းရန်၊ ပြန်လည်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ဖော်ဆောင်ရန်၊ ရေရှည်တည်တံ့သော လမ်းကြောင်းများဆီသို့ အောင်မြင်စွာရောက်ရှိနိုင်ရန် ဒေသအစိုးရတို့၏ တိုးမြှင့်လုပ်ဆောင်နိုင်မှုအပေါ် များစွာမူတည်နေသည်။

**Grant Model to Financing Model**

၂၀၂၃ ခုနှစ်၏ ကမ္ဘာ့စီးပွားရေးတိုးတက်မှုအခြေအနေမှာ ၁ ဒသမ ၉ ရာခိုင်နှုန်း လျော့ကျမည်ဟု ခန့်မှန်းထားရာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးရည်မှန်းချက်ပန်းတိုင်များ (SDG-2030) သို့ အောင်မြင်စွာရောက်ရှိနိုင်ရန်မှာ အခြေခံအဆောက်အအုံကဏ္ဍတွင် အမေရိကန်ဒေါ်လာ ၂ ဒသမ ၂ ထရီလီယံ ရင်းနှီးမြှုပ်နှံရန် လိုအပ်မည်ဖြစ်သည်။ အဆိုပါရင်းနှီးမြှုပ်နှံမှုဖြင့် အကောင်အထည်ဖော်ရန်မှာ ရေရှည်ဖွံ့ဖြိုးတိုးတက်နိုင်မည့် နည်းလမ်းကောင်းများဖြင့် စံနမူနာပြအပြောင်းအလဲတစ်ခုကို ဝင်ငွေနိမ့်နှင့် ဝင်ငွေအလယ်အလတ်နိုင်ငံများတွင် မဖြစ်မနေဆောင်ရွက်ရပါမည်။ ဖွံ့ဖြိုးရေးဆိုင်ရာအထောက်အပံ့ ကျဆင်းခြင်းနှင့် ရင်းနှီးမြှုပ်နှံမှုတိုးမြှင့်ခြင်းတို့သည် ထောက်ပံ့မှုပုံစံ(Grant Model)မှ ဘဏ္ဍာငွေကြေးဆိုင်ရာပုံစံ(Financing Model) သို့ ပြောင်းလဲလာခြင်းဖြစ်ကြောင်း အထင်အရှား တွေ့မြင်လာရမည်ဖြစ်သည်။ စီးပွားရေးကျဆင်းနေသည့်




Source; Circular Economy, UNIDO




ယခုအချိန်တွင် ဖွံ့ဖြိုးရေးဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်ရရှိရန် အလျင်အမြန် လိုအပ်နေသည်သာမက ဘဏ္ဍာရေးဆိုင်ရာ ဆန်းသစ်ပြုပြင်ပြောင်းလဲမှုများပြုလုပ်ရန် ဦးစားပေးဆောင်ရွက်ရမည့် အခွင့်အလမ်းများကို ပေးဆောင်နိုင်သည့် အများပြည်သူဆိုင်ရာ ဆွေးနွေးညှိနှိုင်းမှုများကို ပြုလုပ်ရန်လိုအပ်သည်။ အဆင့်မြင့်အရာရှိကြီးများက ဦးဆောင်၍ ရေရှည်တည်တံ့သော မြို့ပြဖွံ့ဖြိုးရေးအတွက်ဘဏ္ဍာငွေကြေးဆိုင်ရာဆွေးနွေးညှိနှိုင်းမှုများကို စကားဝိုင်းဆွေးနွေးမှု (ပထမပိုင်း)တွင် တွေ့မြင်ကြရမည်ဖြစ်ပါသည်။

**စွန့်ပစ်ပစ္စည်းမှသည် ဥစ္စာပစ္စည်းအဖြစ်သို့ (Waste to Wealth)**

စကားဝိုင်းဆွေးနွေးမှု (ဒုတိယပိုင်း) တွင် စွန့်ပစ်ပစ္စည်းများဆိုင်ရာ စီမံခန့်ခွဲမှုကို အခြေခံ၍ ဆွေးနွေးသွားမည်ဖြစ်သည်။ မြို့ကြီးများသည် နှစ်စဉ် စွန့်ပစ်ပစ္စည်း တန် ၂ ဒသမ ၃ ဘီလီယံကျော်ကို ထုတ်လွှတ်နေပြီး စီမံခန့်ခွဲမှုအားနည်းသည့်အတွက် မြို့ပြဝင်ငွေတိုးများလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများမှာ တဖြည်းဖြည်း တိုးပွားလျက်ရှိသည်။ UN-Habitat ၏ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း စွန့်ပစ်ပစ္စည်းအားလုံး၏ ၈၄ ရာခိုင်နှုန်း သိမ်းဆည်းနိုင်ခဲ့ပြီး ၆၁ ရာခိုင်နှုန်းခန့်ကိုသာ ထိန်းချုပ်စီမံခန့်ခွဲနိုင်ခဲ့သည်။

**"မြို့ကြီးများသည် နှစ်စဉ် စွန့်ပစ်ပစ္စည်း တန် ၂ ဒသမ ၃ ဘီလီယံကျော်ကို ထုတ်လွှတ်နေပြီး စီမံခန့်ခွဲမှု အားနည်းသည့်အတွက် မြို့ပြဝင်ငွေ တိုးများလာခြင်းနှင့်အတူ စွန့်ပစ်ပစ္စည်းများမှာ တဖြည်းဖြည်းတိုးပွားလျက်ရှိသည်။ UN-Habitat ၏ ခန့်မှန်းတွက်ချက်မှုများအရ ၂၀၂၀ ပြည့်နှစ်တွင် ကမ္ဘာတစ်ဝန်း စွန့်ပစ်ပစ္စည်းအားလုံး၏ ၈၄ ရာခိုင်နှုန်း သိမ်းဆည်းနိုင်ခဲ့ပြီး ၆၁ ရာခိုင်နှုန်းခန့်ကိုသာ ထိန်းချုပ်စီမံခန့်ခွဲနိုင်ခဲ့"**

ယေဘုယျအားဖြင့် မြို့ပြဖြစ်ထွန်းမှုအားကောင်းသောဒေသများတွင် နေ့စဉ်ထွက်ရှိသော စွန့်ပစ်ပစ္စည်းများနှင့် ဆောက်လုပ်ရေးလုပ်ငန်းများမှ ထွက်ရှိသော အပျက်အစီး/အကျိုးအပဲ့များကြောင့် ပတ်ဝန်းကျင်အရည်အသွေးပျက်စီးခြင်း၊ မြေဆီလွှာနှင့် ရေထုညစ်ညမ်းခြင်း၊ ရေစီးဆင်းရာလမ်းကြောင်းပြောင်းလဲခြင်း၊ ကျန်းမာရေးနှင့် လုံခြုံစိတ်ချမှုဆိုင်ရာ ဘေးအန္တရာယ်များရှိခြင်း၊ ရာသီဥတုပြောင်းလဲခြင်းစသည့် အဓိကစိန်ခေါ်မှုများကို ဖြစ်စေနိုင်ပါသည်။ တူကီယဲနှင့် ဆီးရီးယားတို့တွင် မကြာသေးမီက ငလျင်လှုပ်ခတ်ခဲ့ရာ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးမှုများသည် ၎င်းမြို့ကြီးများအတွက် များစွာသောစိန်ခေါ်မှုများကို ဖြစ်စေခဲ့သည်။ တည်ဆောက်ရေးလုပ်ငန်းများနှင့် ဖြိုချဖျက်ဆီးခြင်းများမှ ထွက်ရှိသော စွန့်ပစ်အမှိုက်များနှင့်အတူ မြူနီစပယ်ဧရိယာအတွင်း ထွက်ရှိသော အမှိုက်များကို စနစ်တကျစီမံခန့်ခွဲရန်မှာ မဖြစ်မနေဆောင်ရွက်ရမည့် ကိစ္စရပ်တစ်ခုဖြစ်သည်။

မြို့ကြီးများသည် စီးပွားရေးအချက်အချာကျသည့် နေရာတစ်ခုဖြစ်သော်လည်း များသောအားဖြင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုအတွက် ဘဏ္ဍာငွေလုံလောက်မှုမရှိခြင်း သို့မဟုတ် ထိရောက်စွာသုံးစွဲနိုင်ခြင်းမရှိကြောင်း တွေ့ရှိရသည်။ ကောင်းမွန်သောစွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုသည် မြို့စည်ပင်သာယာရန်ပုံငွေ၏ ၂၀ ရာခိုင်နှုန်းမှ ၅၀ ရာခိုင်နှုန်းအတွင်း ကုန်ကျနိုင်သော်လည်း ဝန်ဆောင်မှုမှာမူ လိုအပ်နေဆဲဖြစ်သည်။ စွန့်ပစ်ပစ္စည်းများ သိမ်းဆည်းခြင်း၊ သယ်ယူခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာ လိုအပ်သော အခြေခံအဆောက်အအုံများအတွက် ဘဏ္ဍာငွေကြေးရင်းနှီးမြှုပ်နှံခြင်း၊ ထိန်းသိမ်းခြင်းနှင့် လုပ်ငန်းလည်ပတ်ခြင်းတို့တွင် စိန်ခေါ်မှုများစွာ ရင်ဆိုင်နေရသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများရှိ မြို့ကြီးများ၏ စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် ပုံမှန်တရားဝင်မဟုတ်သော လုပ်သားများသည် အဓိကအခန်းကဏ္ဍမှ

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

ပါဝင်နေသည်။ တစ်ကမ္ဘာလုံးအတိုင်းအတာအားဖြင့် စွန့်ပစ်ပစ္စည်းများကို ပြန်လည်အသုံးပြုရန်အတွက် အရောင်းအဝယ်ပြုနေသည့် လူဦးရေ ၁၅ သန်းခန့်ရှိရာ စွန့်ပစ်ပစ္စည်းများ၏ ၅၈ရာခိုင်နှုန်းမှာ အဆိုပါလုပ်ငန်းများမှ ဆောင်ရွက်ပေးနေ၍ မြို့စည်ပင်သာယာရေးဆိုင်ရာ ရန်ပုံငွေအသုံးပြုခြင်းကို သက်သာစေသည်။ သို့သော် ထိုလုပ်သားအများစုမှာ ဆင်းရဲနွမ်းပါးသူများဖြစ်ပြီး အခြေခံလူမှုဘဝလုံခြုံရေးကို မရရှိသူများသာ ဖြစ်ကြသည်။

**ပတ်လည်စီးပွားရေး**

**(Circular Economy)**

စွန့်ပစ်ပစ္စည်း ထွက်ရှိမှုသည် ထိန်းသိမ်းမှုမရှိသော သုံးစွဲခြင်းနှင့် ထုတ်လုပ်ခြင်းတို့၏ ရလဒ်တစ်ခုဖြစ်သည်။ အရင်းအမြစ်များအား လက်ရှိပုံစံအတိုင်း ဆက်လက်သုံးစွဲနေပါက လူနေထိုင်မှုဘဝ ဆက်လက်တည်တံ့စေရေးအတွက် ၂၀၅၀ ပြည့်နှစ်တွင် ဂြိုဟ်ကြီးသုံးခုစာ အရင်းအမြစ်များကို ထုတ်ယူသုံးစွဲရန်လိုအပ်လာမည်ဟု ဥရောပသမဂ္ဂမှ ခန့်မှန်းထားသည်။ ထို့ကြောင့် အရင်းအမြစ်များအား ပြန်လည်အသုံးပြုခြင်း (Reused)၊ ပြန်လည်ပြုပြင်အသုံးပြုခြင်း (Repaired)၊ အသုံးပြုပြီးပစ္စည်းများ ပြန်လည်ထုတ်လုပ်သုံးစွဲခြင်း (Recycled) စသည့် ပတ်လည်စီးပွားရေးသို့မဟုတ် စွန့်ပစ်ပစ္စည်းကင်းစင်သည့် စီးပွားရေးပုံစံတစ်ခုသို့ ပြောင်းလဲခြင်းသည် လွန်စွာအရေးကြီးလာပါသည်။ အဆိုပါစီးပွားရေးပုံစံသို့ ပြောင်းလဲခြင်းသည် ညစ်ညမ်းမှုများအပြင် ၎င်းနှင့်ဆက်စပ်သည့်ကုန်ကျစရိတ်များ လျှော့ချနိုင်ခြင်း၊ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်သည့် အလုပ်အကိုင်များဖန်တီးပေးနိုင်ခြင်း၊ ပြည်သူ့ကျန်းမာရေးပြဿနာများအား လျော့ပါးစေခြင်းနှင့် ဖန်လုံအိမ်ဓာတ်ငွေ့ ထုတ်လွှတ်မှုများကို လျှော့ချပေးနိုင်သည်။ တစ်နည်းအားဖြင့်ဆိုသော် "စွန့်ပစ်ပစ္စည်းများမှသည် ဥစ္စာပစ္စည်းအဖြစ်သို့" ပြောင်းလဲစေပါသည်။ ဥပမာအားဖြင့် အာဖရိကတွင် "စွန့်ပစ်ပစ္စည်း ပြန်လည်အသုံးပြုခြင်း"ဆိုင်ရာ အခွင့်အလမ်းများကို အပြည့်အဝအသုံးပြုခဲ့မည်ဆိုပါက တစ်နှစ်လျှင် အာဖရိကစီးပွားရေးအတွင်းသို့ အမေရိကန်ဒေါ်လာ ၈ ဘီလီယံခန့် ဝင်ရောက်နိုင်မည်ဖြစ်ပါသည်။

ရာသီဥတုတည်ငြိမ်စေရေး ရည်မှန်းချက်-၂၀၅၀ ကို အောင်မြင်မှုရရှိစေရန် ဥရောပသမဂ္ဂသည် ၂၀၂၀ ပြည့်နှစ်မတ်လတွင် "ပတ်လည်စီးပွားရေးလုပ်ငန်းစဉ်သစ်" တစ်ရပ်ကို ချမှတ်ခဲ့ပါသည်။ ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ၌ ကျင်းပခဲ့သော ကမ္ဘာ့ကုလသမဂ္ဂအထွေထွေညီလာခံတွင် နှစ်စဉ် မတ်လ ၃၀ ရက်နေ့အား "အပြည်ပြည်ဆိုင်ရာ စွန့်ပစ်ပစ္စည်းကင်းစင်ရေးနေ့" အဖြစ် သတ်မှတ်ခဲ့ပါသည်။ မကြာသေးမီက အိန္ဒိယနိုင်ငံနယူးဒေလီမြို့၌ ကျင်းပခဲ့သည့် ဂျီ-၂၀ အစည်းအဝေးတွင် "စီးပွားရေးဖွံ့ဖြိုးတိုးတက်လာမှုနှင့်အတူ ပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေးနိမ့်ကျလာမှုတို့ကို ယှဉ်တွဲဖြစ်ပေါ်လာခြင်း မရှိစေရန်နှင့် အဓိကအရင်းအမြစ်များကို သုံးစွဲရာတွင် ရေရှည်တည်တံ့သော ထုတ်ယူမှုနှင့် သုံးစွဲမှုတို့ဖြစ်လာစေရန်မှာ အဓိကအခန်းကဏ္ဍတွင်ပါဝင်ကြောင်း" ကမ္ဘာ့ခေါင်းဆောင်များက ကြေညာစာတမ်းထုတ်ပြန်ခဲ့ကြသည်။

စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုကိစ္စရပ်သည် လူမှုအဖွဲ့အစည်းများနှင့် ဆက်စပ်နေသကဲ့သို့ အမျိုးမျိုးသော စီးပွားရေးလုပ်ငန်းများ၊ စက်မှုကဏ္ဍများနှင့်လည်း ဆက်နွှယ်နေသည်။ စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲရာတွင် သိမ်းဆည်းခြင်း၊ သယ်ယူခြင်းနှင့် ပြန်လည်သန့်စင်ခြင်းတို့ အပါအဝင် အမှိုက်စုပုံနေရာသတ်မှတ်ခြင်းတို့ ပါဝင်သည်။ လွန်ခဲ့သော ကပ်ရောဂါအချိန်ကာလအတွင်း မြို့ပြဇရိယာများတွင် ကူးစက်ရောဂါများ လျင်မြန်စွာဖြစ်ပွားခြင်းသည် မြို့ကြီးများအတွက် ဖြေရှင်းရမည့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ စိန်ခေါ်မှုပင်ဖြစ်သည်။ ၂၀၁၆ ခုနှစ်တွင် ချမှတ်ခဲ့သော မြို့ပြလုပ်ငန်းစဉ်သစ်သည် မြို့ကြီးများတွင် "ပတ်လည်စီးပွားရေး"ကို ပိုမိုအသုံးပြုလာစေရန်နှင့် ဘက်စုံစွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုဆိုင်ရာ နည်းဗျူဟာများကို အကောင်အထည်ဖော်ရာတွင် စွန့်ပစ်ပစ္စည်းများ လျှော့ချခြင်း၊ ပြန်လည်သုံးစွဲခြင်းနှင့် စွန့်ပစ်ခြင်းဆိုင်ရာလုပ်ငန်းများကို ဦးစားပေးချမှတ်ခြင်းတို့ကို အလေးထားဆောင်ရွက်ရန် ဖော်ပြထားပါသည်။

**စကားဝိုင်းဆွေးနွေးပွဲများ၏ ရည်ရွယ်ချက်**

၂၀၂၃ ခုနှစ် ကမ္ဘာ့မြို့ကြီးများနေ့တွင်-

- ပတ်လည် စီးပွားရေးသို့ ပြောင်းလဲခြင်းအပေါ် တစ်ကမ္ဘာလုံးမှ အလေးပေးမှုကို ရယူရန်အတွက် "စွန့်ပစ်ပစ္စည်းမှသည် ဥစ္စာပစ္စည်းအဖြစ်သို့" စကားဝိုင်းဆွေးနွေးပွဲ၌ ဗဟိုအစိုးရနှင့် ဒေသအစိုးရများ အနေဖြင့် ပတ်လည် စီးပွားရေးသို့ ကူးပြောင်းရာတွင် လိုအပ်သော ငွေကြေး ရင်းနှီးမြှုပ်နှံမှုနှင့် စွန့်ပစ်ပစ္စည်းဆိုင်ရာ ကောင်းမွန်သည့် အလုပ်အကိုင်များရရှိနိုင်မှုမဟာဗျူဟာများ ဖော်ထုတ်ရန်၊
- မြို့ကြီးများတွင် လူမှုပတ်ဝန်းကျင်၌ ပတ်လည်စီးပွားရေးစနစ်နှင့် စွန့်ပစ်ပစ္စည်းကင်းစင်မှုတို့ကို မြှင့်တင်နိုင်ရေးအတွက် စက်မှုလုပ်ငန်းများနှင့် မည်သို့ပူးပေါင်း ဆောင်ရွက်မည်ကို ဖော်ထုတ်ရန်၊
- တစ်ပြိုင်နက်မှာပင် စွန့်ပစ်ပစ္စည်းများအပေါ် မှီတည်နေသည့် လုပ်သားများ၏ ဘဝရပ်တည်မှုဆိုင်ရာများ၊ အထူးသဖြင့် အဆိုပါလုပ်သားများကဲ့သို့သော ထိခိုက်လွယ်သူများအတွက် စီးပွားရေးပုံစံပြောင်းလဲမှုမှ ရရှိနိုင်သည့် အကျိုးကျေးဇူးများကို ဆွေးနွေးရန်နှင့်
- စွန့်ပစ်ပစ္စည်း စီမံခန့်ခွဲမှုတိုးတက်လာစေရန်နှင့် ပတ်လည်စီးပွားရေးကို မြှင့်တင်နိုင်ရန် လုပ်ငန်း လည်ပတ်မှုဆိုင်ရာ ကုန်ကျစရိတ်နှင့် ရန်ပုံငွေလိုအပ်ချက်တို့အတွက် ပုဂ္ဂလိကကဏ္ဍများနှင့် မြို့နေလူထုတို့ ပူးပေါင်းဆောင်ရွက်ရာတွင် ဆန်းသစ်သော ဘဏ္ဍာငွေကြေးဆိုင်ရာပုံစံများကိုအသုံးချခြင်းနှင့် ဘဏ္ဍာငွေလိုအပ်ချက်တို့ကိုဆက်သွယ်ပေးခြင်းဖြင့် မြို့ပြဖြစ်ထွန်းလာမှု၏တန်ဖိုးကို မည်ကဲ့သို့အရှိန်အဟုန်မြှင့် ဆောင်ရွက်ကြမည်တို့ကို ရည်ရွယ်၍ ဆွေးနွေးကြမည် ဖြစ်ပါသည်။

UN-Habitat ၏ "Waste Wise Cities" နှင့် "သန့်ရှင်းသောအာဖရိကမြို့များ ပလက်ဖောင်း" (African Clean Cities Platform)အစီအစဉ်ဖြင့်ဗဟိုအစိုးရနှင့် ဒေသအစိုးရများနှင့်အတူ စွန့်ပစ်ပစ္စည်း လုံးဝကင်းစင်သော ပတ်လည်စီးပွားရေးလုပ်ငန်းများသို့ ပြောင်းလဲပေးနိုင်သည့် ငွေကြေးရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ပေးနိုင်ရန်အတွက် အရှိန်အဟုန်ဖြင့် ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်လျက်ရှိပါသည်။

**ပါဝင်ဆွေးနွေးမည့်သူများ**

စကားဝိုင်းတွင် ဗဟိုအစိုးရအဖွဲ့များ၊ ပုဂ္ဂလိကကဏ္ဍ၊ အရပ်ဘက်အဖွဲ့အစည်း၊ မြို့ကြီးများမှ ခေါင်းဆောင်များနှင့် နိုင်ငံတကာငွေကြေး အဖွဲ့အစည်းများ ပါဝင်ပါမည်။ ဆွေးနွေးပွဲကို အခြေခံပြီး ရရှိလာသောအကြံပြုချက်များကိုစုစည်းပြင်ဆင်၍ "ပတ်လည်စီးပွားရေးပုံစံသို့ ကူးပြောင်းရာတွင် ရေရှည်တည်တံ့သည့် ဘဏ္ဍာငွေကြေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို စက်မှုလုပ်ငန်းများ၊ အစိုးရနှင့် အခြားစွန့်ပစ်ပစ္စည်းကဏ္ဍတွင် ပါဝင်သူများအား တရားဝင်သတင်းထုတ်ပြန်ချက်" ပုံစံဖြင့် ဆောင်ရွက်မည်ဖြစ်ပါသည်။ အဆိုပါသတင်းထုတ်ပြန်ချက်ကို အဖွဲ့ဝင်နိုင်ငံများ၊ ဒေသအစိုးရများနှင့် စက်မှုလုပ်ငန်းများတွင် အသုံးပြုနိုင်ရန် အမြင်ဖြင့် UN-Habitat Waste Wise Cities နှင့် သန့်ရှင်းသောအာဖရိကမြို့များ ပလက်ဖောင်းအစီအစဉ်တို့မှ တစ်ဆင့် ကျယ်ကျယ်ပြန့်ပြန့်ဖြန့်ဝေမည် ဖြစ်ပါသည်။ ထို့အပြင် စကားဝိုင်း၏ သတင်းထုတ်ပြန်ချက်ကို ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ စွန့်ပစ်ပစ္စည်းကင်းစင်မှုဆိုင်ရာအကြံပေးဘုတ်အဖွဲ့အား အသိပေးမျှဝေသွားမည် ဖြစ်ပါသည်။

ထို့ကြောင့် ကမ္ဘာ့မြို့ကြီးများနေ့တွင် ကမ္ဘာ့တစ်ဝန်း ဖြစ်ပေါ်ကြုံတွေ့နေရသည့် စိန်ခေါ်မှုများကို အောင်မြင်စွာ ဖြေရှင်းနိုင်ရေးအတွက် ဆွေးနွေးပွဲများကို ကျင်းပကြမည်ဖြစ်ရာ "အားလုံးအတွက် မြို့ပြအနာဂတ် ရေရှည်စဉ်ဆက်မပြတ်တည်တံ့ရေး ဘဏ္ဍာငွေကြေးလျာထားပေး" (Financing Sustainable Urban Future for all) ဆောင်ပုဒ်နှင့်အတူ "စွန့်ပစ်ပစ္စည်းမှသည် ဥစ္စာပစ္စည်းအဖြစ်သို့" (Waste to Wealth) ခေါင်းစဉ်ဖြင့် စကားဝိုင်းဆွေးနွေးပွဲများမှ ထွက်ပေါ်လာမည့် ရလဒ်ကောင်းများကို မျှော်လင့်ရင်း ၁၀နှစ်ပြည့် ကမ္ဘာ့မြို့ကြီးများနေ့ကို ကြိုဆိုကြပါစို့ဟု တိုက်တွန်းနှိုးဆော်လိုက်ရပါသည်။ ။

**ကိုးကား**

- World Cities Day Concept Note – Global Observance of the World Cities Day 2023
- World Cities Day Concept Note – Roundtable Session #1 "Financing sustainable urban future for all"
- World Cities Day Concept Note – Roundtable Dialogue "Waste to Wealth"
- https://en.wikipedia.org/wiki/World Cities Day
- https://vikaspedia.in/energy/environment/important-days/world-cities-day




## လပွတ္တာမြို့နယ် မြို့မဈေး၌ မီးငြိမ်းသတ်နည်းသရုပ်ပြလေ့ကျင့်

**လပွတ္တာ အောက်တိုဘာ ၂၉**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်အတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး၊ မီးဘေးလုံခြုံရေးအတွက် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြသခြင်းကို လပွတ္တာမြို့မဈေး၌ အောက်တိုဘာ ၂၈ ရက်က ဆောင်ရွက်သည်။

မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြရာတွင် လပွတ္တာခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၁) ဒုတိယဗိုလ်မှူးကြီး ဝင်းမင်းဦး၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသူရ၊ စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒေါ်လေးမြမြဦးနှင့် တာဝန်ရှိသူများ၊ ဈေးကော်မတီဝင်များ၊ ဈေးသူဈေးသားများက ပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးစိမ်းကိုကိုက မတော်တဆမီးလောင်မှုဖြစ်ပွားပါက မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ခြင်း၊ ဆီမီးလောင်မှုတွင် စောင်ဖြင့် ဖုံးအုပ်ငြိမ်းသတ်ခြင်း၊ ဂတ်(စ်)မီးလောင်မှုငြိမ်းသတ်ခြင်းတို့ကို လက်တွေ့သရုပ်ပြခဲ့သည်။

**ခရိုင်(ပြန်/ဆက်)**

## ကျောက်တော်မြို့နယ်၌ လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်မည့် ကျေးရွာများသို့ ရန်ပုံငွေလွှဲပြောင်းပေး



**ကျောက်တော် အောက်တိုဘာ ၂၉**

ရခိုင်ပြည်နယ် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အမျိုးသားသဘာဝဘေးဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေဖြင့် ရခိုင်ပြည်နယ်အတွင်းဆောင်ရွက်မည့် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်း(Cash for work) ဆောင်ရွက်မည့် ကျေးရွာများသို့ ရန်ပုံငွေများကို ကျောက်တော်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ရုံးခန်းမ၌ အောက်တိုဘာ ၂၅ ရက်က လွှဲပြောင်းပေးအပ်သည်။

ရန်ပုံငွေလွှဲပြောင်းပေးရာတွင် ကျောက်တော်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးအောင်ခိုင်ဇော်က ရခိုင်ပြည်နယ်၌ မိုခါမုန်တိုင်းကြောင့် ထိခိုက်ဆုံးရှုံးမှုများစွာရှိခဲ့ရာတွင် ယခုစီမံကိန်းသည် ထိခိုက်မှုများ လျော့ပါးသက်သာစေရေး ဆောင်ရွက်ပေးသည့် စီမံကိန်းဖြစ်ကြောင်းနှင့် လုပ်အားခပေးဖွံ့ဖြိုးရေးစီမံကိန်းဖြစ်သဖြင့် ကျေးရွာနေပြည်သူများ ကျား/မ တန်းတူမျှစွာ လုပ်အားခများရရှိရန် ရည်ရွယ်၍ ဆောင်ရွက်ခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

**အောင်လှဖြူ(ရမ်းဗြဲ)**

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ် အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး(သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကို ဖော်ပြသည့်ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီး ညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။



## ဆံတော်ရှင် ကျိုက်သီရိဓမ္မသိုက်စေတီတော်၌ စတုဒိသာကျွေးမွေးပြီး ဆန်၊ ဆီများလှူဒါန်း

**အင်းတကော် အောက်တိုဘာ ၂၉**

ပဲခူးတိုင်းဒေသကြီး အင်းတကော်မြို့၌ ရှေးနှစ်ပေါင်းများစွာကပင် တည်ထားကိုးကွယ်ခဲ့သော ဆံတော်ရှင် ကျိုက်သီရိဓမ္မသိုက်စေတီတော်ကြီးတွင် အောက်တိုဘာ ၂၉ ရက်က သီတင်းကျွတ်လပြည့် အဘိဓမ္မာအခါတော်နေ့အလှူအဖြစ် စတုဒိသာများ ကျွေးမွေးလှူဒါန်းခြင်းနှင့်အတူ အလှူရှင်တစ်ဦးက မွေးနေ့ကုသိုလ်အဖြစ် ဆန်၊ ဆီများ လှူဒါန်းပေးခဲ့ကြောင်း သိရသည်။

နှစ်စဉ် သီတင်းကျွတ်လပြည့်နေ့တိုင်း အဆိုပါဘုရားရင်ပြင်တော်ပေါ်၌ စတုဒိသာ ထမင်း၊ ဟင်းနှင့် အချိုရည်များကို အလှူရှင် ဦးဆန်းဦး၊ ဒေါ်ယဉ်နွယ်ထွန်း(မိသားစု)က ဘုရားဖူးလာပြည်သူများအား ဧည့်ခံကျွေးမွေးပြီး သားဖြစ်သူ ကိုအောင်ထက်ပိုင်ကလည်း မွေးနေ့အလှူအဖြစ် ဆန်(၁၂ ပြည်ဝင်) အိတ် ၃၀၀ နှင့် ဆီ(၅၀ ကျပ်သားဝင်) ဘူး ၃၀၀ တို့ကို သက်ကြီးသီလရှင်များနှင့် သက်ကြီးဟာသအနုပညာရှင် ဦးတိမ်ညွှန့်နှင့်အဖွဲ့အား ထောက်ပံ့လှူဒါန်းသည်။

အဆိုပါ ကျိုက်သီရိဓမ္မသိုက်စေတီတော်သည် ၁၉၇၀ ပြည့်နှစ်ခန့်က တိမ်မြုပ်ပျောက်ကွယ်လုနီးပါး ဖြစ်နေခဲ့ရာမှ ဆရာတော်၊ သံဃာတော်များ၊ အလှူရှင်များ၊ ဂေါပကအဖွဲ့ဝင်များက ပြန်လည်ပြုပြင်မွမ်းမံခဲ့ခြင်းကြောင့် ယခုအခါ ပြန်လည်စည်ကားလာခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ခွန်(ဝင်းပ)

## ကြံတန်ဖိုးအပြင် သကြားရောင်းချသောအမြတ်ငွေကိုလည်း ခံစားခွင့်ရရှိကြဟု နယ်ဒေသအချို့မှ ကြံတောင်သူများပြောကြား

**ပဲခူး အောက်တိုဘာ ၂၉**

ကြံစိုက်တောင်သူများအနေဖြင့် ကြံထွက်သောတန်ဖိုးအပြင် သကြားရောင်းချ၍ ရသောအမြတ်ကိုလည်း ခံစားခွင့်ရရှိကြကြောင်း အမြတ်ငွေရရှိသည့် ကြံတောင်သူများထံမှ သိရသည်။

အမြတ်ငွေရရှိကြသည့် တောင်သူများမှာ ပဲခူးတိုင်းဒေသကြီးအရှေ့ခြမ်းရှိ မြို့လှသကြားစက်၊ နေပြည်တော်ကောင်စီနယ်မြေ လယ်ဝေးမြို့နယ် အင်ပင်ကျေးရွာအုပ်စုရှိ တောင်စဉ်အေးသကြားစက်နှင့် တပ်ကုန်းမြို့ အနောက်မြောက်ဘက် ခုနစ်မိုင်ခန့်အကွာရှိ ဒဟတ်ကုန်းသကြားစက်တို့တွင် ကြံရောင်းချပေးနေသော တောင်သူများ ဖြစ်ကြောင်း သိရသည်။

"ကြံတောင်သူတွေရဲ့ စားဝတ်နေရေး အဆင်ပြေစေဖို့ ရည်ရွယ်ချက်နဲ့ တောင်သူတွေဟာ သကြားစက်ရဲ့ စီးပွားဖက်အနေနဲ့သဘောထားကို ထုတ်ဖော်ပြသတဲ့အနေနဲ့ အမြတ်ငွေကို ခွဲဝေပေးတာ ဖြစ်ပါတယ်။ တောင်သူတွေက သူတို့စိုက်ပျိုးတဲ့ကြံကို ကာလပေါက်ဈေးနဲ့ရောင်းချပြီးရင် သူတို့ရတဲ့ကုန်ပစ္စည်းတန်ဖိုးက ပုံမှန်အရဆိုရင် ပြီးသွားပါပြီ။ ဒါပေမယ့် ကျွန်တော်တို့စက်ရုံဘက်က ထုတ်လုပ်ရရှိတဲ့သကြားတွေကို ရောင်းချပြီးတဲ့အခါ ရတဲ့အမြတ်ငွေကို စက်ရုံတစ်ခုတည်းကပဲ ယူတာမျိုးမဟုတ်ဘဲ ကြံတောင်သူတွေကို အမြတ်ငွေထုတ်ပေးတာက တောင်သူတွေအတွက် အထောက်အပံ့တစ်ခုရရှိအောင်ပဲ ဖြစ်ပါတယ်"ဟု မြို့လှသကြားစက် တာဝန်ရှိသူက ပြောသည်။

သကြားစက်ရုံ သုံးခုစလုံးက လွန်ခဲ့သော ၂၀၁၈-၂၀၁၉ ခုနှစ်မှစ၍ တောင်သူများအား အမြတ်ခွဲဝေပေးခဲ့ခြင်းဖြစ်ပြီး ကိုဗစ်ကာလအပါအဝင် ယခု ၂၀၂၂-၂၀၂၃ ခုနှစ်အထိ ငါးနှစ်တိတိ ပေးနေခဲ့ခြင်းဖြစ်သည်။ ကြံတောင်သူများသာမက ကြံသယ်ယာဉ်အသင်းများကိုလည်း အမြတ်ငွေထဲမှ ခွဲဝေထုတ်ပေးခဲ့ကြောင်း၊ ယင်းသကြားစက် သုံးခုစလုံး ကန့်ခိုး နှစ်ကြိမ်ရိုက်စနစ်ဖြင့် ထုတ်လုပ်သည့်အတွက် သကြားဖြူ (၁၀၀ ရာခိုင်နှုန်း) ထုတ်လုပ်သော စက်ရုံဖြစ်ကြောင်းလည်း သိရသည်။

"ကျွန်မတို့ တစ်နှစ်ကို ၁၀ ဧကနီးပါး စိုက်တယ်။ မြို့လှစက်ရုံကို ကြံရောင်းပါတယ်။ မြို့လှသကြားစက်ကို သတ်မှတ်ဈေးနဲ့ ကြံတန်ချိန် ဘယ်လောက်ဆိုတာ ရောင်းပြီးပါပြီ။ ဒါပေမယ့် အခုရတာတွေက စက်ရုံဘက်က ပေးလို့ရတာပါ။သူတို့က မပေးလည်း ရတာပါ။ သူတို့ပေးတဲ့အခါတော့ ကြံရောင်းချသူတွေကို တစ်တန်အတွက် ငွေကျပ် ၄၀၀၀စီ အမြတ်ခွဲပေးတာ ဖြစ်ပါတယ်။ ဝမ်းသာရတယ်" ဟု ပဲခူးတိုင်းအရှေ့ခြမ်းတွင် ကြံစိုက်သော တောင်သူတစ်ဦးက ပြောသည်။

၂၀၂၂-၂၀၂၃ ကြံရာသီအတွင်း မြို့လှနှင့်တောင်စဉ်အေးသကြားစက်ရုံသို့ အမြဲတမ်းရောင်းချခဲ့သည့် ကြံတောင်သူများအား စက်ရုံ၏ သကြားအထွက်နှုန်း၊ ကုမ္ပဏီ၏ အကျိုးအမြတ်ရရှိခဲ့မှုအပေါ် မူတည်၍ ပထမအကြိမ် အမြတ်ငွေခွဲပေးရာတွင် စက်ရုံနှစ်ခုစလုံး နှုန်းထားတူညီကြကြောင်း၊ ယင်းစက်ရုံနှစ်ခုကဲ့သို့ အကျိုးအမြတ်မရရှိသည့် ဒဟတ်ကုန်းသကြားစက်အနေဖြင့် အနည်းငယ်လျော့နည်းကြောင်း၊ သကြားစက်များမှာ ကြံရာသီကာလ နှစ်စဉ်နှစ်တိုင်း နိုဝင်ဘာလမှ ဖေဖော်ဝါရီလအထိ လည်ပတ်ထုတ်လုပ်ကြောင်းလည်း သိရသည်။

မြို့လှနှင့်တောင်စဉ်အေး သကြားစက်များအနေဖြင့် အမြဲတမ်းရောင်းချသည့် ကြံတောင်သူများအား ယခုနှစ် ပထမအကြိမ် အမြတ်ငွေခွဲဝေပေးစဉ်က ကြံတစ်တန်လျှင် ကျပ် ၃၀၀၀၊ ကျပ် ၅၀၀၀၊ ကျပ် ၇၀၀၀၊ ကျပ် ၉၀၀၀၊ ကျပ် ၁၁၀၀၀ သတ်မှတ်၍ ခွဲဝေပေးခဲ့ပြီး အမြဲတမ်းရောင်းသူများမဟုတ်ဘဲ အခြားစက်ရုံသို့ရောင်းသည့် တောင်သူများအား တစ်တန်လျှင် ကျပ် ၁၅၀၀ ပေးခဲ့ရာမှ ယခုလအတွင်းပေးသည့် ဒုတိယအကြိမ်တွင် စက်ရုံ သုံးခုစလုံးသို့ လာရောက်ရောင်းချသော အမြဲတမ်းတောင်သူနှင့် အခြားစက်ရုံများကိုပါ ရောင်းချသည့် တောင်သူများအား တစ်တန်လျှင် ကျပ် ၄၀၀၀ စီ တစ်ပြေးညီပေးခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

"တချို့ တခြားသကြားစက်ကို ရောင်းတဲ့ တောင်သူတွေအနေနဲ့ မြို့လှ၊ တောင်စဉ်အေးနဲ့ ဒဟတ်ကုန်းသကြားစက်တွေကို လာရောင်းရင်လည်း လက်ခံဝယ်ယူပေးပါတယ်။ ဒါပေမယ့် အမြဲတမ်းရောင်းတဲ့ တောင်သူတွေကို ဘာလို့ပိုပေးရသလဲဆိုတော့ သကြားစက်တစ်ခုလည်မယ်ဆိုရင် စက်ရုံမှာ ကုန်ကြမ်းပစ္စည်းကို ကြိုတင်ဝယ်ယူပြင်ဆင်ရပါတယ်။ စက်ရုံအနေနဲ့ အချိန်ပိုစောပြီးတော့ ရင်းနှီးမြှုပ်နှံထားရတဲ့ သဘောရှိပါတယ်။ အဲဒီလို ပြင်ဆင်ထားပြီးမှတကယ်လို့ ကြံတောင်သူတွေက မရောင်းခဲ့ဘူးဆိုရင် စက်ရုံအတွက် အခက်အခဲရှိပါတယ်။ ဒါပေမယ့် ပုံမှန်မရောင်းဘဲနဲ့ ခုမှလာရောင်းတယ်ဆိုရင်လည်း အရောက်ဈေးနဲ့ ဝယ်ယူပါတယ်။ စက်မလည်ခင် ကြိုတင်ပြီး စာချုပ်ချုပ်ဆိုရင်တော့ ပိုပြီးသေချာတာပေါ့"ဟု အဆိုပါစက်ရုံများ၏ တာဝန်ရှိသူက ပြောသည်။

ပြီးခဲ့သည့် ငါးနှစ်အတွင်း အမြတ်ငွေထုတ်ပေးရာတွင် ဒဟတ်ကုန်းသကြားစက်အနေဖြင့် ကြံတောင်သူများအတွက် စုစုပေါင်း ကျပ်သိန်းပေါင်း တစ်သောင်းတစ်ထောင်ကျော်၊ ကြံသယ်ယာဉ်အဖွဲ့အတွက် အမြတ်ငွေ ကျပ်သိန်း ၉၅၀ ခန့်ကို လည်းကောင်း၊ တောင်စဉ်အေးသကြားစက်ရုံအနေဖြင့် ကြံတောင်သူများအတွက် အမြတ်ငွေ ကျပ်သိန်းပေါင်း တစ်သောင်းခုနစ်ထောင်ကျော်၊ ကြံသယ်ယာဉ်အဖွဲ့အတွက် ကျပ်သိန်း ၁၀၀၀ ကျော်ကိုလည်းကောင်း၊ မြို့လှသကြားစက်အနေဖြင့် ကြံတောင်သူများအတွက် စုစုပေါင်း ကျပ်သိန်းပေါင်း နှစ်သောင်းခွဲကျော်တို့ကို လည်းကောင်း ထောက်ပံ့ခဲ့ကြောင်း သိရသည်။

မြို့လှသကြားစက်ရုံမှာ ၁၀၅,၅၈ ဧက ကျယ်ဝန်းကာ တစ်နေ့လျှင် ကြံတန်ချိန် ၂၀၀၀ ကို ကြိတ်ဝါးထုတ်လုပ်နိုင်ပြီး တောင်စဉ်အေးသကြားစက်မှာ ၁၁၄ ဒသမ ၉၁ ဧက ကျယ်ဝန်းကာ တစ်နေ့လျှင် ကြံတန်ချိန် ၁၅၀၀ ကြိတ်ဝါးနိုင်ပြီး ဒဟတ်ကုန်းသကြားစက်ရုံမှာ ဧကတစ်ရာကျော် ကျယ်ဝန်းကာ တစ်ရက်လျှင် ကြံတန်ချိန် ၁၅၀၀ ကို ကြိတ်ဝါးနိုင်သော သကြားစက်ဖြစ်ကြောင်း သိရသည်။ **မေငယ်**



## သီတင်းကျွတ်လပြည့်နေ့၌ ကျိုက်မရောမြို့ပေါ်ရှိ ဘုရားစေတီများတွင် ဘုရားဖူးလာပြည်သူများ၊ ကောင်းမှုကုသိုလ်ပြုသူများဖြင့် အထူးစည်ကား

**ကျိုက်မရော အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့(အဘိဓမ္မာအခါတော်နေ့)တွင် ကျိုက်မရောမြို့ပေါ်ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများနှင့် ဘုန်းကြီးကျောင်းများတွင် ဘုရားဖူးလာပြည်သူများ၊ ဥပုသ်သီလဆောက်တည်သူများ၊ အလှူဒါနပြုကြသူများ၊ စတုဒိသာကျွေးမွေးသူများဖြင့် ယနေ့နံနက် ၇ နာရီမှ စတင်ကာ စည်ကားစွာ တွေ့ရသည်။

ကျိုက်မရောမြို့နယ် ရပ်ကွက်အသီးသီးရှိ လမ်းများပေါ်တွင် စတုဒိသာကျွေးမွေးသူများ၊ သီတင်းကျွတ်ပွဲတော်အထိမ်းအမှတ် မီးပုံးပျံလွှတ်မည့်သူများ၊ ပျော်ပွဲရွှင်ပွဲများဖြင့် အထူးစည်ကားများပြားလျက်ရှိပြီး နေရာအသီးသီး၌ တိုးမပေါက်အောင် စည်ကားများပြားလျက်ရှိသည်။

**မိချို(ပြန်/ဆက်)**

## “အရဟံ”ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်း

**ရန်ကုန် အောက်တိုဘာ ၂၉**

“အရဟံ”ဖောင်ဒေးရှင်းသို့ အလှူငွေနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၁၀ နာရီက ရန်ကုန်မြို့ နိုဗိုတယ်ဟိုတယ်၌ ကျင်းပသည်။

အခမ်းအနားတွင် သဒ္ဓမ္မ မဏ္ဍိုင်ကျောင်းတိုက်များ၏ အာဒိကမ္မိက ဆရာတော် မဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တနာဂသေန(စာဆိုရှင် နာဂကျော်ရှင်)ထံမှ သီလခံယူဆောက်တည်ကြပြီး ကြွရောက်တော်မူလာကြသည့် ဆရာတော်သံဃာတော်များက မေတ္တာသုတ်ပရိတ်တရားတော်များ ချီးမြှင့်ပေးခဲ့သည်။

ယင်းနောက် အရဟံဖောင်ဒေးရှင်းမှ အကြီးအမှူးဆရာတော် ဒေါက်တာ ဘဒ္ဒန္တတေဇနိယဆရာတော်က ဖောင်ဒေးရှင်းနှင့် ဆက်စပ်သည့်အကြောင်းအရာများအား ရှင်းလင်းပြောကြားပြီး အလှူရှင်များက ဆရာတော် သံဃာတော်များအားသင်္ကန်း၊ လှူဖွယ်ဝတ္ထုပစ္စည်းများနှင့် အလှူငွေကျပ်သိန်း ၄၀ ကျော် ဆက်ကပ်လှူဒါန်းသည်။



အရဟံဖောင်ဒေးရှင်းသည် သာသနာပြုဒီပလိုမာသင်တန်း Diploma in Araham Missionary(သာသနဟိတာရမ္မ)ဘွဲ့နှင့် ကျောင်းထိုင်၊ တိုက်အုပ်၊ ခန်းနေ ဆရာတော်များ၊ ဓမ္မာစရိယဘွဲ့ရဆရာတော်များဆိုင်ရာ ဘက်စုံသာသနာပြုပညာသင်တန်းများ၊ လူပုဂ္ဂိုလ်များဆိုင်ရာ ဥပါသကာဒီပလိုမာသင်တန်း Diploma in Dhamma Studies (အရဟံဓမ္မမာမက)ဘွဲ့သင်တန်းများနှင့် ဓမ္မစာပေသင်တန်းများကို လစဉ်သင်ကြားပို့ချပေးလျက်ရှိကြောင်း သိရသည်။

**အာကာလင်း**

## သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် ဦးပိန်တံတားလူစည်ကား၍ အရှေ့ဘက်ခြမ်း တံတားကျိုးကျမှုဖြစ်ပွား

**နေပြည်တော် အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့)တွင် မန္တလေးတိုင်းဒေသကြီးအတွင်း၌ လာရောက်လည်ပတ်သူများ စည်ကားများပြားလျက်ရှိရာ အမရပူရမြို့ရှိ ဦးပိန်တံတား၌ လူများပြားသဖြင့် ယနေ့ မွန်းလွဲ ၂ နာရီ ၁၀ မိနစ်ခန့်က တောင်သမန်ဘက်ခြမ်း၊ တိုင်အမှတ် ၃၃၉ နှင့် ၃၄၀ ကြား ပြိုကျမှုဖြစ်ပွားခဲ့ပြီး ကျား ရှစ်ဦး၊ မ ၁၅ ဦး ပွန်းပဲ့ဒဏ်ရာရရှိခဲ့ကြောင်းနှင့် တံတားပျက်စီးရာသို့ တာဝန်ရှိသူများက လာရောက်ကြည့်ရှုစစ်ဆေးခဲ့ကာ အမြန်ပြန်လည်ပြုပြင်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**နှစ်ပေါင်း ၁၇၀ ကျော် သက်တမ်းရှိ**

အဆိုပါ ဦးပိန်တံတားသည် ၁၈၄၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး နှစ်ပေါင်း ၁၇၀ ကျော် သက်တမ်းရှိပြီဖြစ်သည်။ တံတားအရှည်မှာ ၁ ဒသမ ၂ ကီလိုမီတာ အရှည်ရှိပြီး ကမ္ဘာပေါ်တွင် အရှည်ဆုံးကျွန်းသားတံတားဖြစ်ကာ မြန်မာ့ရှုခင်းကောင်းတစ်ခုနှင့် အပန်းဖြေလေ့လာရန်နေရာတစ်ခုအဖြစ် ကျော်ကြားလျက်ရှိသည်။

**စည်ကားလျက်ရှိ**

ယနေ့အဘိဓမ္မာအခါတော်နေ့တွင်တံတားရှေ့ဘက်ခြမ်း စက္ကူပန်းခြံနှင့် အနောက်ဘက်ခြမ်း ကန်ပေါင်လမ်းဘက်တွင်လည်း စည်ကားလျက်ရှိပြီး လမ်းများပိတ်ဆို့နေ၍ တာဝန်ရှိသူများက အန္တရာယ်ကင်းရှင်းရေးအတွက် ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## MNL ပြိုင်ပွဲ ပွဲစဉ်(၁၈) ဆက်လက်ကျင်းပ ရခိုင်ယူနိုက်တက်အသင်း နိုင်ပွဲရရှိ

**ရန်ကုန် အောက်တိုဘာ ၂၉**

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲ ပွဲစဉ်(၁၈) စတုတ္ထနေ့ကို အောက်တိုဘာ ၂၉ ရက် က သုဝဏ္ဏကွင်း၌ ကျင်းပရာ ရခိုင်ယူနိုက်တက်အသင်းက မြဝတီအသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် မြဝတီကို အနိုင်ယူကာ နိုင်ပွဲပြန်ရှာတွေ့ခဲ့ပြီး အနိုင်ရလဒ်ကြောင့် အဆင့် ၁၀ နေရာမှ အလယ်ပိုင်းအထိ တက်လှမ်းနိုင်ခဲ့သည်။ မြဝတီ အသင်းမှာမူ နိုင်ပွဲ ထပ်မံပျောက်ဆုံးခဲ့ပြီး အဆင့်ကျသွားခဲ့သည်။

ရခိုင်ယူနိုက်တက်အသင်းသည် ဇော်ဇော်နိုင်၊မောင်မောင်စိုး၊ ကောင်းစည်သူ၊ ထရာအိုရေးတို့ဖြင့် လူစုံနီးပါးအသုံးပြုခဲ့ပြီး မြဝတီအသင်းကလည်း ဝေယံဦး၊ ထွန်းနန္ဒဦး၊ စိုးမင်းဦး၊ ဟိန်းဇေယျာမင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစ ၁၁ မိနစ်မှာပင် သန့်ဇင်အောင်က မြဝတီအသင်းအတွက် ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ သို့သော် ခုနစ်မိနစ်အကြာတွင် ရခိုင်ယူနိုက်တက်အသင်း ချေပဂိုးပြန်ရခဲ့ပြီး ကောင်းစည်သူက သွင်းယူခဲ့ခြင်းဖြစ်သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရခိုင်ယူနိုက်တက်အသင်း ပိုဖိကစားလာနိုင်ပြီး ၂၁ မိနစ်တွင် မောင်မောင်စိုးက ဒုတိယဂိုး၊ ၅၂ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ထရာအိုရေးက တတိယဂိုး သွင်းယူခဲ့သည်။ ၇၈ မိနစ်တွင် သော်ဇင်ထွေးက မြဝတီအသင်းအတွက် ချေပဂိုးတစ်ဂိုး ထပ်သွင်းသော်လည်း ရခိုင်ယူနိုက်တက်အသင်းက ပွဲအပြီးထိ အနိုင်ရလဒ် ထိန်းကစားသွားသည်။ ယခုပွဲအတွက် အကောင်းဆုံးကစားသမားဆုကို ရခိုင်ယူနိုက်တက်အသင်းမှ မောင်မောင်စိုးက ရရှိခဲ့သည်။ ယခုပွဲအပြီးတွင် ရခိုင်ယူနိုက်တက်အသင်းက ရမှတ် ၂၀၊ မြဝတီအသင်းက ၁၉ မှတ် ရရှိထားသည်။

ပွဲစဉ် (၁၈) တွင် ရန်ကုန်အသင်းက ဧရာဝတီအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ဟံသာဝတီအသင်းက ရတနာပုံအသင်းကို တစ်ဂိုး–ဂိုးမရှိ၊ GFA အသင်းက ကချင်ယူနိုက်တက်အသင်းကို တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရပြီး မဟာယူနိုက်တက်နှင့် အား/ကာသိပ္ပံအသင်း ဂိုးမရှိ သရေကျခဲ့သည်။

ပွဲစဉ် (၁၈) နောက်ဆုံးနေ့အဖြစ် အောက်တိုဘာ ၃၀ ရက် **(ယနေ့)** တွင် YUSC ကွင်း၌ ရှမ်းယူနိုက်တက်အသင်းနှင့် ဒဂုံစတားအသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ–MNL**



နှစ် ၂၀ တစ်ဝိုက်အချိန်ကိုက်၊ တို့စိုက်ခဲ့လျှင် အကောင်းဆုံးပင်၊ အခုချိန်စိုက် နောက်မကျ၊ ဒုတိယအကြိမ် အကောင်းဆုံးပ


မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | မြင့်စိုး |
| သတင်းထောက်မှူး | – | ခင်ရတနာ |
| စာတည်းများ | – | ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| အငယ်တန်း သတင်းထောက်များ | – | ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်–၄၀၊ စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

Myanmar Digital News


### ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၉ – ၁၀ – ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၃၁၀ ကျပ် | ၂၃၅၅ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၄၂၀ ကျပ် | ၂၄၇၀ ကျပ် |
| အောက်တိန်း ၉၂ | ၂၀၆၅ ကျပ် | ၂၁၁၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၁၆၀ ကျပ် | ၂၂၁၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၈၀၀ | ၇၇ | ၆၇၇၆၀၀ |
| MTSH | ၂၉၅၀ | ၂၉၅၀ | ၁၀၁၉၄ | ၃၀၀၇၂၃၀၀ |
| MCB | ၇၇၀၀ | ၇၇၀၀ | ၂၆၇ | ၂၀၀၂၇၀၀ |
| FPB | ၁၆၅၀ | ၁၆၅၀ | ၁၈၄၀ | ၃၀၃၆၀၀၀ |
| TMH | ၂၇၀၀ | ၂၇၀၀ | ၂ | ၄၇၇၀၀၅၀ |
| EFR | ၂၁၅၀ | ၂၁၀၀ | ၂၂၆၈ | ၂၇၃၄၆ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၉၂ | ၄၅၀၆၀၀ |
| MAEPC | ၁၈၀၀ | ၁၇၅၀ | ၃၁ | ၁၅၇ |

ညီညီ – စုစည်းသည်



စမ်းချောင်းမြို့နယ် အတုလာဓိပတိမဟာမုနိသကျ ကိုးထပ်ကြီးဘုရား၌ အောက်တိုဘာ ၂၉ ရက် (သီတင်းကျွတ်လပြည့်နေ့) ညနေပိုင်းက ဘုရားဖူးများဖြင့် စည်ကားလျက်ရှိစဉ်။

**တင်ဝင်းလေး(ကြည့်မြင်တိုင်)**

## တနင်္သာရီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကို ထားဝယ်ရိုးရာသပိတ်မှောက်ပွဲတော်ဖွင့်ပွဲအခမ်းအနား တက်ရောက်

**ထားဝယ် အောက်တိုဘာ ၂၉**

တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၏ ရိုးရာအစဉ်အလာမပျက် နှစ်စဉ် နှစ်တိုင်း ကျင်းပလျက်ရှိသော ထားဝယ်ရိုးရာသပိတ်မှောက်ပွဲတော် ဖွင့်ပွဲအခမ်းအနားကို အောက်တိုဘာ ၂၉ ရက် နံနက် ၄ နာရီခွဲက ထားဝယ်မြို့ တလိုင်းမရပ် ဆိပ်ကမ်းသာလမ်း ပြည်သူ့အပန်းဖြေရင်ပြင် ထားဝယ်မြစ်ကမ်း၌ ရှေးရိုးရာအစဉ်အလာအတိုင်း စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကို၊ တိုင်းဒေသကြီး တရားလွှတ်တော် တရားသူကြီးချုပ် ဒေါ်ပိုက်ပိုက်အေး၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့် မြို့မိ မြို့ဖများက ထားဝယ်ရိုးရာသပိတ်မှောက်ပွဲမုခ်ဦးအား ဖဲကြိုး ဖြတ်ဖွင့်လှစ်ပေးသည်။**(အောက်ပုံ)**

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဖိတ်ကြားထားသောဧည့်သည်တော်များက အရှင်ဥပဂုတ္တမထေရ်မြတ်အား သပိတ်မှောက်၍ ဆွမ်းဆက်ကပ်ကုသိုလ်ပြုခဲ့ကြပြီး ဒေသခံပြည်သူများက ထားဝယ်ရိုးရာ သပိတ်မှောက်မုခ်ဦးမှစ၍ အကွေ့များပါသော ဝင်္ကပါကို ပျော်ရွှင်စွာ ဖြတ်ကျော်ကာ သပိတ်မှောက်၍ ဆုတောင်းပတ္ထနာပြုပြီး ကုသိုလ်ယူကြသည်။

သပိတ်မှောက်ပွဲကို နှစ်စဉ် နှစ်တိုင်း သီတင်းကျွတ်လပြည့်နေ့တွင် ကျင်းပလေ့ရှိပြီး စေတနာရှင်၊ အလှူရှင်များက သပိတ်မှောက်ပွဲလာရောက်ကြည့်ရှုသူများကို စတုဒိသာများဖြင့် ဧည့်ခံကျွေးမွေးခြင်း၊ သပိတ်မှောက်ပွဲတွင် မီးပုံးပျံအငယ်လွှတ်တင်ခြင်း၊ ထားဝယ်ရိုးရာယဉ်ကျေးမှုအက၊ ထားဝယ်ဒေသ သပိတ်မှောက်ပွဲအက၊ ရွှေဝယ်သူများ ရေအိုးရွက် ယိမ်းအက၊ သမိုင်းအလှ တနင်္သာရီအက၊ ရှေး ထားဝယ်ရိုးရာယိမ်းအက၊ ဒန်းဂွတ်သပိတ်မှောက်အက၊ အိုးစည်အက၊ ဆိုဗန်မားမိမိဝေးအကများဖြင့် သီဆိုဧည့်ခံဖျော်ဖြေခြင်းများ ဆောင်ရွက်လျက်ရှိရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဒေသခံပြည်သူများက ကြည့်ရှုအားပေးခဲ့ကြပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုပေးအပ်ချီးမြှင့်သည်။

မြန်မာနိုင်ငံတွင် ဝါလကင်းလွတ် သီတင်းကျွတ်သည်နှင့် ဒေသအလိုက် ရိုးရာအစဉ်အလာမပျက် ပွဲတော်များကို ကျင်းပ ဆောင်ရွက်လျက်ရှိရာ သီတင်းကျွတ်ကာလနှင့် အတူ တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ဒေသတွင်ရှိသော ထေရဝါဒဗုဒ္ဓဘာသာဝင်များက တောင်သမုဒ္ဒရာ၌ စံနေတော်မူသော အရှင်ဥပဂုတ္တမထေရ်မြတ်အား ရည်စူး၍ သပိတ်မှောက်ပွဲတော်ကို ကျင်းပလေ့ရှိပြီး သပိတ်မှောက်ပွဲကို ထားဝယ်မင်းများ လက်ထက်မှစတင်၍ ကျင်းပခဲ့ခြင်းဖြစ်ကာ ယနေ့တိုင် ထားဝယ်ရိုးရာယဉ်ကျေးမှု ဓလေ့တစ်ခုအနေဖြင့် တည်ရှိနေခြင်း ဖြစ်ကြောင်း သိရသည်။

အဆိုပါ သပိတ်မှောက်ပွဲကို နံနက် ၄ နာရီမှစ၍ နံနက် ၆ နာရီအထိ ဒေသခံပြည်သူများ စည်ကားသိုက်မြိုက်စွာဖြင့် သပိတ်မှောက ကုသိုလ်ယူလျက်ရှိကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**



## ကျောက်ဆည်မြို့၌ ဆင်လှူပွဲတော် စည်ကားသိုက်မြိုက်စွာကျင်းပ

**ကျောက်ဆည် အောက်တိုဘာ ၂၉**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့တွင် နှစ်စဉ်ကျင်းပမြဲဖြစ်သော ဆင်လှူပွဲတော်အား ရွှေသာလျောင်းတောင်ထိပ်ရှိ ဆုတောင်းပြည့်ဘုရားတွင် အောက်တိုဘာ ၂၉ ရက် နံနက် ၅ နာရီက စည်ကားသိုက်မြိုက်စွာကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအောင်မျိုးသိန်းနှင့်အဖွဲ့ဝင်များ၊ ခရိုင်အဆင့် ဌာနဆိုင်ရာများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ ရွှေသာလျောင်းဘုရားဂေါပကဥက္ကဋ္ဌနှင့် မြို့မိမြို့ဖများ၊ ပြည်သူများက ရွှေသာလျောင်းတောင်ထိပ်ရှိ ဆုတောင်းပြည့်ဘုရားတွင် လှူဒါန်းသွားမည့် အသားဖြင့်ထွင်းထုထားသည့် ရွှေဆင်၊ ငွေဆင်များ၊ မိုလောင်းထားသည့် ရွှေဆင်၊ ငွေဆင်များ၊ အဝတ်စ၊ စက္ကူ၊ ရွှေကြည်၊ ငွေကြည်များဖြင့် ပြုလုပ်ထားသည့် ဘော်ကြယ်ဆင်များ၊ ရိုးရာဆင်များအား အမွှေးနံ့သာရည်များပက်ဖျန်း၍ ရွှေသာလျောင်း ဆုတောင်းပြည့်ဘုရာကြီးအား လက်ယာရစ် သုံးပတ် ပတ်၍လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်မောင်(ကျောက်ဆည်)**

## ပခုက္ကူမြို့ရှိ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီးဘုရား စေတီများ၌ ဘုရားဖူးပြည်သူများဖြင့် စည်ကား

**ပခုက္ကူ အောက်တိုဘာ ၂၉**

သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့)တွင် မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့ ရှေးဟောင်းသမိုင်းဝင်တန်ခိုးကြီး ဘုရားစေတီများ၌ အောက်တိုဘာ ၂၉ ရက် နံနက်ပိုင်းက အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများ၊ ကုသိုလ်ကောင်းမှုပြုလုပ်သူများ၊ ဥပုသ်သီလဆောက်တည်ကြသူများဖြင့် စည်ကားလျက်ရှိသည်။ **(အောက်ပုံ)**

ပခုက္ကူမြို့သည် ဗုဒ္ဓဘာသာ သာသနာထွန်းကားရာ မြို့တစ်မြို့ဖြစ်သည်နှင့်အညီ သီဟိုဠ်ရှင်မြတ်စွာဘုရား၊ ရွှေကူမြတ်စွာဘုရား၊ ဖောင်တော်ဦးဘုရား၊ ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးစသည့် ရှေးဟောင်းသမိုင်းဝင် တန်ခိုးကြီးဘုရား၊ စေတီတော်မြတ်ကြီးများတည်ရှိရာ မြို့လည်းဖြစ်သောကြောင့် အနယ်နယ် အရပ်ရပ်မှ ဘုရားဖူးလာပြည်သူများနှင့် ဒေသခံပြည်သူများ အနေဖြင့် မြန်မာလူမျိုးဗုဒ္ဓဘာသာဝင်များ အထွတ်အမြတ်ထားသည့် နေ့ထူး နေ့မြတ် သီတင်းကျွတ်လပြည့် (အဘိဓမ္မာအခါတော်နေ့) ရောက်တိုင်း ဘုရား၊ စေတီတော်မြတ်ကြီးများရှိ ဗုဒ္ဓရုပ်ပွားတော်များ ရေသပ္ပာယ်ခြင်း၊ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများ ထွန်းညှိကပ်လှူပူဇော်ခြင်း၊ ဥပုသ်သီလ ဆောက်တည်ခြင်းတို့ဖြင့် လာရောက်ကုသိုလ်ယူကြကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



❑ *ကျောဖုံးမှ*

ကမ်းခြေတွင် လမ်းလျှောက်ကြသူများ၊ အပန်းဖြေနေကြသူများ၊ ရေကူးကြသူများ၊ Speedboat, Bananaboat စီးကြသူများ၊ ငွေဆောင်၏ အထင်ကရကျွန်းများဖြစ်သော မြွေကျွန်း၊ လိပ်ကျွန်း၊ ငှက်ကျွန်း၊ ဆင်မကျွန်း၊ ကျွန်းလျားရှည်၊ ချစ်သူများကျွန်း၊ ဘုရားသုံးဆူနှင့် မိုးမခဆင်စခန်းသို့ သွားရောက်လည်ပတ်ကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

ငွေဆောင်ကမ်းခြေတွင် ဧည့်သည်များ အေးချမ်းပျော်ရွှင်စွာအနားယူနိုင်ရေး၊ လုံခြုံမှုရှိစေရေး၊ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်စေရေးတို့အတွက် မြို့အုပ်ချုပ်ရေးမှူး ဦးသိန်းဇော် အပါအဝင် မြို့စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြို့ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးများ၊ ပြည်သူ့စစ်များက လမ်းဆုံလမ်းခွများနှင့် လူစည်ကားရာနေရာများတွင် လုံခြုံရေးများ ဆောင်ရွက်လျက်ရှိပြီး ကမ်းခြေသန့်ရှင်းသာယာလှပရေး၊ ကမ်းခြေဈေးရောင်းချသည့် ဈေးသည်များသတ်မှတ်စည်းကမ်းနှင့်အညီ ရောင်းချမှုရှိစေရေးတို့အတွက် ငွေဆောင်မြို့အုပ်ချုပ်ရေးမှူး၊ ငွေဆောင်နယ်မြေရဲတပ်ဖွဲ့စခန်း၊ မြို့အဆင့်ဌာနဆိုင်ရာများ၊ ကမ်းခြေလုံခြုံရေးနှင့် စည်းကမ်းထိန်းသိမ်းရေးအဖွဲ့များ ပူးပေါင်း၍ နံနက် ၈ နာရီခွဲနှင့် ညနေ ၃ နာရီခွဲတို့၌ ကမ်းခြေ၌ ကွင်းဆင်းစစ်ဆေးကြပ်မတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ကျော်လင်းဦး (ပြန်/ဆက်)**

❖ *ကျောဖုံးမှ*

အနောက်ပလင်းကျေးရွာ၊ ဧရာဝတီမြစ်ကမ်းဘေးတွင် ဖွင့်လှစ်ထားရှိပြီး မြန်မာပြည်အရပ်ရပ်မှ ဘုရားဖူးခရီးသွားများ ပုဂံရှေးဟောင်းယဉ်ကျေးမှုနယ်မြေသို့ လာရောက်ရင်း ခရီးတစ်ထောက်အဖြစ် ပလင်းကမ်းသာယာဆင်းစခန်းသို့လာရောက်၍ ဆင်စာကျွေးခြင်း၊ ဆင်စီးခြင်း၊ ဆင်ပြတိုက်ထဲတွင်ပြသထားသည့် ဆင်တစ်ကောင်လုံးအရိုးစု၊ ဆင်စွယ်များ၊ ဆင်မှတ်ပုံတင်စာအုပ်နှင့် ဧရာဝတီမြစ်ကမ်းဘေး ခြေတံရှည်ထန်းရွက်မိုးတဲများပေါ်မှ အစားအစာများ မှာယူစားသောက်ကြခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။ ခရီးသွား ဆင်ချစ်သူများသည် ဆင်များနှင့် ဓာတ်ပုံရိုက်ခြင်း၊ ရှုမျှော်ခင်းကြည့်တံတားပေါ်တွင် ရှုခင်းကြည့်ခြင်း၊ ဓာတ်ပုံရိုက်ခြင်း၊ ကလေးဥယျာဉ်တွင်လည်း ကလေးငယ်များဝင်ရောက်ကစားခြင်းများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## အဘိဓမ္မာအခါတော်နေ့တွင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ ဘုရားဖူးများဖြင့် စည်ကား

**တွံတေး အောက်တိုဘာ ၂၉**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့ရှိရှေးဟောင်း သမိုင်းဝင်ဆံကေသဓာတု ဆံတော်ခြောက်ဆူ ကိန်းဝပ်တော်မူသော ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် ယနေ့ မြန်မာတို့၏ အထွတ် အမြတ်ထားရာ သီတင်းကျွတ်လပြည့်နေ့ (အဘိဓမ္မာအခါတော်နေ့) နံနက်ပိုင်းတွင် ဘုရားဖူးလာရောက်ကြသည့် ဘုရားဖူးများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**စည်ကားလျက်ရှိ**

သီတင်းကျွတ် လပြည့်နေ့ဖြစ်သည့် အားလျော်စွာ ဗုဒ္ဓဘာသာဝင်ပြည်သူများသည် တာဝတိံသာနတ်ပြည်၌ မယ်တော် သန္တုသိတနတ်သားအား အမှူးထား၍ အဘိဓမ္မာ ဒေသနာတော် ဟောကြားတော်မူပြီး တာဝတိံသာနတ်ပြည်မှ လူ့ပြည်သို့ ပြန်လည်ကြွချီလာသော မြတ်စွာဘုရားရှင်အား ရည်မှန်း၍ ပန်း၊ ဆီမီး၊ အမွှေးနံ့သာများဖြင့် ထွန်းညှိပူဇော်သော နေ့ထူးနေ့မြတ် တစ်ရက်ဖြစ်သည့်အတွက် ရွှေဆံတော်စေတီတော်မြတ်ကြီးတွင် နှစ်စဉ် နှစ်တိုင်း အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးလာကြသူများဖြင့် စည်ကားလျက်ရှိကြောင်း သိရသည်။

**တွံတေးသား**

# နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်များ ဝင်ခွင့်လျှောက်ထားနိုင်

**ရန်ကုန် အောက်တိုဘာ ၂၉**

နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်/မန္တလေး) ၂၀၂၃-၂၀၂၄ (၁၃၈၅-၁၃၈၆)ခု၊ ပညာသင်နှစ်အတွက် သာသနတက္ကသီလ ဓမ္မာစရိယ(ပထမနှစ်)သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်း၊ စေတိယင်္ဂဏစာသင်တန်း၊ သက္ကျသီဟ စာသင်တန်းတစ်ခုခု အောင်မြင်ပြီး သက်တော် (၃၀)နှစ်၊ သိက္ခာ (၁၀)ဝါအောက် ရှိရမည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) သို့ တက်ရောက်လိုသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလဓမ္မာစရိယဘွဲ့၊ သာသနဓဇဓမ္မာစရိယဘွဲ့၊ သက္ကျသီဟဓမ္မာစရိယဘွဲ့၊ စေတိယင်္ဂဏဓမ္မာစရိယဘွဲ့ တစ်ခုခုရရှိပြီး သက်တော်(၃၅)နှစ်၊ သိက္ခာ(၁၅)ဝါအောက်ရှိ အရှင်မြတ်များ လျှောက်ထားနိုင်ပါကြောင်း သိရသည်။

### ဖြေဆိုကြရမည်

သာသနတက္ကသီလဓမ္မာစရိယတန်း(ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် အစိုးရပထမကြီးတန်းနှင့် ညီမျှသော ဝိနည်းဆိုင်ရာ(၅)ပုစ္ဆာနှင့် အဘိဓမ္မာဆိုင်ရာ (၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခု၊ ပါဠိဆိုင်ရာ (၅)ပုစ္ဆာနှင့် အထွေထွေဗဟုသုတ (၅)ပုစ္ဆာ မေးခွန်းလွှာတစ်ခုကို တစ်ရက်စီ စုစုပေါင်း နှစ်ရက် ဖြေဆိုကြရမည်ဖြစ်သည်။

သာသနတက္ကသီလ မဟာဓမ္မာစရိယတန်း (ပထမနှစ်) ဝင်ခွင့်လျှောက်ထားသော ရဟန်း/သာမဏေများသည် သာသနတက္ကသီလ ဓမ္မာစရိယတန်း(စတုတ္ထနှစ်)နှင့် ညီမျှသော ဝိနည်း၊ သုတ္တန်၊ အဘိဓမ္မာကို ပထမနေ့တွင် (က)အတ္ထယောဇနာ (ခ)ဝါကျသဒ္ဒါ (ဂ)အဓိပ္ပာယတ္ထ (ဃ) ခေတ်လေ့လာနည်းအားဖြင့် (၁၀)ပုစ္ဆာ ဖြေဆိုရမည်။ ဒုတိယနေ့တွင် ပါဠိ၊ မြန်မာ၊ အင်္ဂလိပ်၊ ပြန်ပွားဘာသာအားဖြင့် (၁၀) ပုစ္ဆာ ဖြေဆိုရမည်။

### ဆက်သွယ်စုံစမ်းနိုင်

သာသနာ့တက္ကသိုလ်ဝင်ခွင့် လျှောက်ထားလွှာများကို ၁၃၈၅ ခုနှစ်၊ သီတင်းကျွတ်လဆုတ် ၉ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၇ ရက်၊ အင်္ဂါနေ့ (အစိုးရရုံးပိတ်ရက်များမှအပ) တွင် စတင်ထုတ်ပေးသွားမည်ဖြစ်ပြီး ၁၃၈၅ ခုနှစ်၊ တန်ဆောင်မုန်းလဆန်း ၁၂ ရက်၊ ၂၀၂၃ ခုနှစ်၊ နိုဝင်ဘာလ ၂၄ ရက်၊ သောကြာနေ့ နောက်ဆုံးထား၍ လျှောက်လွှာပုံစံများကို သက်ဆိုင်ရာတက္ကသိုလ်များ၏ မော်ကွန်းထိန်းရုံးတို့တွင် တင်သွင်းနိုင်ပြီး အသေးစိတ်သိရှိလိုသောအချက်များကို နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၅၄၀၀၈၂၈၊ ၀၉-၄၂၅၀၀၈၇၂၈)နှင့် နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(မန္တလေး) မော်ကွန်းထိန်းရုံး (ဖုန်း၊ ၀၉-၂၀၃၅၅၇၂၊ ၀၉-၂၅၀၂၃၀၇၉၁)တို့သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာနမှ သတင်းရရှိသည်။

**သတင်းစဉ်**



# ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစေတီတော်မြတ်ကြီး၌ ဆီမီး ၁၀၀၀၀၀ ထွန်းညှိပူဇော်

**မိုင်းယောင်း အောက်တိုဘာ ၂၉**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းယောင်းမြို့နယ်တွင် ရှေးဟောင်းသမိုင်းဝင် ဓာတ်လုံစေတီတော်မြတ်ကြီး၌ ယမန်နေ့ ညပိုင်းက ဆီမီး ၁၀၀၀၀၀ ထွန်းညှိပူဇော်ပွဲကျင်းပသည်။

